


ငြိုးတန်
ငြိုးကျော်
မြန်မာမှုပြုသည်
MALICE（悪意）
Keigo Higashino

mgyoe.com SAMPLE BOOK



MALICE(悪意)

Keigo Higashino

ဖြိုးမာန်

ဖြိုးကျော် မြန်မာမှုပြုသည်

ISBN 978-99986-52-10-1

K0499

9 789998 652101 >

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | -ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄) ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | -၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၊ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | -၁၀၀၀ |
| မျက်နှာဖုံးနှင့် | ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀) |
| အတွင်းပုံနှိပ် | - အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးသရုပ်ဖော် | - ဇော်မောင် |
| တန်ဖိုး | - ၁၀၀၀၀ ကျပ် |


mgyoe.com

mgyoe.com

SAMPLE BOOK

# Malice 悪意

Keigo Higashino 東野圭吾

ငြိုးမာန်

ဖြိုးကျော် မြန်မာမှုပြုသည်

ဖြိုးကျော်
၁၁.၁၁.၂၀၂၃



mgyoe.com

mgyoe.com SAMPLE BOOK

# 悪意

東野圭吾

講談社文庫

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ဂျပန်စာရေးဆရာ ဟီဂါရှီနို (東野圭吾 Keigo Higashino) ရဲ့ စုံထောက်ဝတ္ထု 悪意 Malice ကို 'ငြိုးမာန်' ဆိုတဲ့ နာမည်နဲ့ မြန်မာဘာသာ ပြန်ဆိုထားတာ ဖြစ်ပါတယ်။ ဒီဝတ္ထုဟာ ကာဂါစီးရီးရဲ့ ၄ အုပ် မြောက် ဝတ္ထုတစ်ပုဒ်လည်း ဖြစ်ပါတယ်။ တကယ်တော့ ဒီစာအုပ်ဟာ ကျွန်တော်ရဲ့ ပထမဆုံး ဘာသာပြန် လက်ရာပါ။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် ပုံနှိပ်ထုတ်ဝေဖြစ်တဲ့ စတုတ္ထ မြောက် စာအုပ်တစ်အုပ် ဖြစ်လာခဲ့တယ်။

ဒီစာအုပ်ကို ဘာသာပြန်တဲ့အခါမှာ မြန်မာစာဖတ် ပရိသတ်အတွက် အဆင်ပြေအောင် ဆိုပြီး မြန်မာမှုပြုထားခဲ့တယ်။ မြန်မာမှု ပြုတယ်လို့ သုံးရတဲ့ အကြောင်းအရင်းက ဒီဝတ္ထုထဲမှာ ပါတဲ့ နာမည်တွေ အားလုံးကို မြန်မာနာမည် တွေ ဖြစ်အောင် ပြောင်းထားလို့ပါပဲ။ ဒါကို ကျွန်တော်က မှီးတယ်၊ ဒါမှမဟုတ် မှီငြမ်းတယ်လို့ မသုံးချင်ဘူး။ မြန်မာမှုပြုတယ်လို့ပဲ သုံးချင်ပါတယ်။ ဘာဖြစ် လို့လဲ ဆိုတော့ ဒီဘာသာပြန် စာမူထဲမှာ နာမည်ကလွဲလို့ ကျွန်တော့်အနေနဲ့ ဘာကိုမှ ထွေထွေထူးထူး ပြောင်းလဲ၊ ပြင်ဆင်ထားတာ မရှိလို့ပါ။ မပြောပ လောက်တဲ့ ပြင်ဆင်မှု တချို့တော့ ရှိပါတယ်။ အဲဒါတွေကို ကျွန်တော် ခဏနေ တစ်ခုချင်း ဖော်ပြပေးပါ့မယ်။ ဒီဝတ္ထုရဲ့ ဇာတ်အိမ်ဖွဲ့စည်းပုံနဲ့ ဇာတ်လမ်းသွား

mgyoe.com

mgyoe.com SAMPLE BOOK

အရ ကြီးကြီးမားမား ပြင်ဆင်စရာ မလိုအပ်တာကြောင့်လည်း ပါပါတယ်။ ဒါကြောင့် ဒီဝတ္ထုမှာ နာမည်တွေ (လူနာမည်၊ ဒေသနာမည်၊ ဝတ္ထုနာမည်) ကို ပြောင်းလိုက်ရင်ကိုပဲ မူရင်းဝတ္ထုကို မထိခိုက်ဘဲ မူရင်း အာဘော်အတိုင်း ဖတ်ရှုခွင့် ရနိုင်ပါတယ်။

ဒီဘာသာပြန် စာမူမှာ အသေးစား ပြင်ဆင်မှု တချို့တော့ လုပ်ခဲ့ရတာတော့ အမှန်ပါပဲ။ ပထမဆုံးကတော့ ဦးသူရိန်ရဲ့ ခြံဝင်းထဲမှာ ရှိနေတဲ့ သစ်ပင်ဟာ အမှန်တော့ ချယ်ရီပင်ပါ။ မြန်မာ့ရေမြေအရ ချယ်ရီပင်ဟာ တောင်ပေါ်ဒေသမှာပဲ ပေါက်တတ်တာမို့ ကျွန်တော်က ပိတောက်ပင်အဖြစ် ပြောင်းလိုက်ပါတယ်။ နောက်ထပ် ပြင်ဆင်မှုတစ်ခုကတော့ ဦးသူရိန်ရဲ့ ကားပါ။ မြန်မာတွေနဲ့ ရင်းနှီးတဲ့ ကားကုမ္ပဏီကို အစားထိုးထားပါတယ်။ နောက်ပြီး ဦးပေါ်လွင်သုံးတဲ့ word processor စာစီစက်ကို အများစု ရင်းနှီးတဲ့ လက်နှိပ်စက်အဖြစ် ပြောင်းထားတယ်။ အဲဒီ စာစီစက်ကို မြန်မာပြည်က လူတွေ မြင်ဖူးကြမယ် မထင်ဘူး။ သူက လက်နှိပ်စက်နဲ့ ကွန်ပျူတာကြားမှာ ပေါ်ခဲ့တဲ့ စက်တစ်မျိုးပဲ။ ပြောရရင် ကွန်ပျူတာ တစ်မျိုးပါပဲ။ ဒါပေမဲ့ သူက စာစီစာရိုက်ပဲ လုပ်လို့ရတယ်။ အဲဒီစက်မျိုးကို မြင်ဖူးတဲ့သူ မရှိတော့ လက်နှိပ်စက်နဲ့ပဲ အစားထိုးလိုက်ပါတယ်။ အဲဒီ စာစီစက်ကလည်း အမှုနဲ့ တိုက်ရိုက် ပတ်သက်မှု မရှိပါဘူး။ အခု ပြောခဲ့တာကလွဲလို့ ကျန်တာ အားလုံး နီးပါးဟာ မူရင်းအာဘော်အတိုင်း ဘာသာပြန်ထားတာပါ။ ဒါကြောင့် မြန်မာ နာမည်ပြောင်းတာကလွဲလို့ ဘာမှ ထွေထွေထူးထူး ပြင်မထားဘူးလို့ကို ပြောလို့ ရပါတယ်။

ဝတ္ထုဇာတ်လမ်းပိုင်းကို ပြောရရင် ကျွန်တော့်အမြင်အရ ဒီဝတ္ထုမှာ အပိုင်း (၃) ပိုင်း ပါတယ်။ ပထမဆုံးအပိုင်းက လူသတ်မှုရဲ့ တရားခံကို ရှာတာ။ ဒုတိယအပိုင်းက လူသတ်ရတဲ့ အကြောင်းအရင်းကို ရှာတာ။ တတိယအပိုင်း ကတော့ အမှန်တရား ဖော်ထုတ်တယ်ပေါ့။ မူရင်း စာရေးဆရာအနေနဲ့လည်း အဲဒီလို အပိုင်း (၃) ပိုင်း ခွဲပြီး စာအုပ်ကို ရေးခဲ့တယ်လို့ ယူဆမိတယ်။ ဘာဖြစ်လို့ အဲဒီလို ပြောရသလဲဆိုတော့ စာအုပ်ရဲ့ စာမျက်နှာ သုံးပုံတစ်ပုံစီ အတိအကျနီးပါး ပိုင်းထားလို့ပါ။ ဥပမာ စာအုပ်ရဲ့ သုံးပုံတစ်ပုံလောက်မှာ ပထမပိုင်းကို အဆုံးသတ်ထားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီဝတ္ထုက လူသတ်မှုကို ဖော်ထုတ်တာ ဆိုပေမယ့် လူတွေရဲ့ စိတ်ဓာတ်နဲ့ စရိုက်သဘာဝကို ဦးစားပေးထားတယ်။ လူတွေရဲ့ စိတ်အခြေအနေနဲ့ ခံစားမှုတွေကို ဦးစားပေးပြီး ရေးဖွဲ့ထားတယ်။ စာအုပ်ရဲ့ ခပ်စောစောပိုင်းမှာတင် ဘယ်သူ သတ်သလဲ ဆိုတာ ပေါ်နေပြီ။ ဝတ္ထုရဲ့ ဇာတ်အိမ် ဖွဲ့စည်းပုံအရ ဘယ်သူ သတ်သလဲ ဆိုတာက အရေးမပါဘူး။ ဘာကြောင့် သတ်ရသလဲဆိုတဲ့ စိတ်ခံစားမှုပိုင်းကို ဦးစားပေးပြီး ဖော်ပြထားတာ။ ဘာကြောင့်မုန်း မသိရတဲ့ ဒေါသတွေ လူတော်တော်များများမှာ ရှိတတ်ကြတယ်။ ကိုယ့်မှာ ရှိနေတဲ့ ဣဿာ၊ မစ္ဆရိယ (မနာလို၊ ဝန်တိုမှု) တွေကို မထိန်းနိုင် မသိမ်းနိုင် ဖြစ်ခဲ့ရင် အဲဒီစိတ်တွေက အာဃာတ (အငြိုး) အဖြစ် ပြောင်းသွားတယ်။ အဲဒါကို ကိုယ့်မှာရှိတဲ့ မာန (မာန်) နဲ့ အရောင်တင်လိုက်တော့ အဲဒီ ငြိုးမာန်က တခြား လူတစ်ယောက်ရဲ့ ဘဝကို ပစ္စုပ္ပန်ရော၊ အနာဂတ်မှာပါ စုတ်ပြတ်သတ်သွားအောင် ဖျက်ဆီးပစ်ချင်စိတ်အထိ တိုးတက် ပြောင်းလဲသွားတယ်။ အဲဒီ အခြေအနေ ရောက်သွားရင် လူတစ်ယောက်ကို ဘာကြောင့် မုန်းနေလို့ မုန်းနေမှန်း မသိနိုင်တော့အောင်ကို ရင်ထဲ အသည်းထဲက မုန်းနေတော့တယ်။

မကြာခင် သေတော့မယ့် လူတစ်ယောက်ဟာ သူ အသက်မရှည်နိုင်တော့ဘူး ဆိုတာကိုလည်း သိနေတယ်။ သူ မသေခင်မှာ တခြားလူတစ်ယောက်ရဲ့ ဘဝ၊ အသက်နဲ့ နာမည်ကို သေသွားအောင် သူ သတ်သွားချင်သေးတယ်။ ပင်ပန်းလိုက်သည့် ဖြစ်ခြင်း .....

ဒီဝတ္ထုရဲ့ နာမည်ကို အင်္ဂလိပ်လို Malice လို့ ပေးထားပါတယ်။ အဓိပ္ပာယ်က အငြိုး၊ အာဃာတပေါ့။ စာအုပ်နာမည်ပေးဖို့ ကျွန်တော် စဉ်းစားကြည့်တဲ့အခါမှာ မူလအနက်ဖြစ်တဲ့ အငြိုး၊ ရန်ငြိုး၊ အာဃာတ စတဲ့ နာမည်ကို သဘောမတွေ့ဘူး ဖြစ်နေတယ်။ တကယ်တော့ ရန်ငြိုး ဆိုတာမျိုးက ကိုယ့်အပေါ် မကောင်းကြံခဲ့တဲ့သူ၊ ကိုယ့်ကို မကောင်းခဲ့တဲ့ လူအပေါ်မှာ တန်ပြန် အငြိုးအတေး ထားတဲ့ သဘောကိုး။ လက်စားချေဖို့ ကျားချောင်း ချောင်းနေတဲ့ စိတ်ဓာတ်မျိုးလေ။ ဒါပေမဲ့ ဒီဝတ္ထုနဲ့က ၁၀၀% အံဝင်ခွင်ကျ ဖြစ်မနေဘူးလို့ ခံစားနေရတယ်။ ဝတ္ထုနာမည်အတွက် အသည်းအသန် စဉ်းစားနေရင်းနဲ့ တစ်နေ့ကျတော့ ငယ်ငယ်က ကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်ကားတစ်ကားကို သတိရသွားတယ်။ ကျော်ဟိန်းနဲ့ မေသန်းနုတို့ သရုပ်ဆောင်ထားတဲ့ ရုံတင် ဇာတ်ကားကြီး

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ကားပါ။ ရုပ်ရှင်နာမည်က 'ငြိုးမာန်ဖွဲ့ စိမ်းရက်လေအား' တဲ့။ အဲဒီ ရုပ်ရှင်နာမည် ခေါင်းထဲ ပေါ်လာတာနဲ့ ကျွန်တော်ရဲ့ စာအုပ်နာမည်လည်း တစ်ခါတည်း သတ်မှတ်ပြီးသား ဖြစ်သွားတယ်။ ငြိုးမာန် ....

ဒီဝတ္ထုထဲမှာပါတဲ့ ဇာတ်ကောင်တွေရဲ့ စိတ်ခံစားမှု အခြေအနေတွေကို ပီပြင်အောင် မူရင်းစာရေးဆရာကတော့ ပုံဖော်ထားတာပဲ။ အခု ဒီမြန်မာပြန်ကို ဖတ်ရင်း အဲဒီလို ပုံပေါ်မနေဘူး ဆိုရင်တော့ အဲဒါ ဘာသာပြန်သူရဲ့ ချွတ်ယွင်းချက်ပဲ ဖြစ်ပါလိမ့်မယ်။ ဒီစာအုပ် မတိုင်ခင်က ကျွန်တော် ရသစာအုပ်တွေကို တစ်ခါမှ ဘာသာမပြန်ခဲ့ဖူးပါဘူး။ ဒါကြောင့် ဘာသာပြန်တဲ့ အပိုင်းမှာ ချွတ်ချော်မှု ရှိခဲ့ရင်၊ မူရင်းစာရေးသူရဲ့ အာဘော်ကို မထိမမိတာ ပါခဲ့ရင်၊ 'ဝတ္ထုက စိတ်ဝင်စားစရာလည်း မကောင်းဘူး' လို့ စာဖတ်သူရင်ထဲ ဖြစ်ပေါ်လာခဲ့ရင် ဘာသာပြန်သူ ကျွန်တော်ရဲ့ အားနည်းချက်၊ အပြစ်သာလျှင် ဖြစ်ပါကြောင်း။

ဖြိုးကျော်

၉ ရက် ၉ လ ၂၀၂၃ ခုနှစ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁) အခင်းဖြစ်ပွားခြင်း

### ဦးပေါ်လွင်၏ ကိုယ်ရေးမှတ်စု

ပြဿနာ တက်တဲ့နေ့က ဧပြီလ ၁၆ ရက် အင်္ဂါနေ့။

အဲဒီနေ့ ညနေ ၃ နာရီခွဲမှာ သူရိန်တို့နေအိမ်ကို သွားဖို့ ကျွန်တော် အိမ်ကနေ ထွက်ခဲ့တယ်။ သူရိန်ရဲ့အိမ်က ကျွန်တော့် အိမ်နဲ့ သိပ်ဝေးလှတာ မဟုတ်ဘူး။ ဘတ်စ်ကား ခဏစီးပြီး လမ်းနည်းနည်း လျှောက်လိုက်ရင် ရောက်တာ ဆိုတော့ စုစုပေါင်း မိနစ် ၂၀ လောက်ပဲ ကြာမယ်။

ပုံမှန်ဆိုရင် ထွေထွေထူးထူး ဘာအကြောင်းကိစ္စမှ မရှိဘဲလည်း မကြာမကြာ သူ့အိမ်ကို သွားလည်တတ်တယ်။ အဲဒီနေ့ကတော့ ထူးထူးခြားခြား လုပ်စရာ ရှိလို့ပါ။ ဒီလိုလေ၊ ဒီနေ့မှ မတွေ့ရင်လည်း နောက် ဘယ်တော့မှ သူနဲ့ တွေ့နိုင်စရာ မရှိတော့ဘူး။

သူနေတဲ့ ရပ်ကွက်က လုံးချင်းအိမ်တွေ စုနေတဲ့ ရပ်ကွက် ဆိုတော့ လူချမ်းသာတွေ နေတဲ့ ဝင်ဒါမီယာရပ်ကွက်လို ခမ်းနားတဲ့ တိုက်အိမ်တွေပဲ များတယ်။ နဂိုက ဒီနေရာမှာ သစ်ပင်တွေ အများကြီးနဲ့ တောအုပ်အုပ်ကလေးပဲ ရှိခဲ့တာ။ အခုတော့ အဆင့်မြင့် လုံးချင်းအိမ်ရာ ဖြစ်လာပေမယ့် သစ်ပင် အကုန်လုံး ခုတ်ရှင်းပစ်တာမျိုး မဟုတ်ဘဲ ခြံထဲ ဝင်းထဲမှာ သစ်ပင်အမြင့်တွေ ချန်သင့်သလောက် ချန်ပြီး လုံးချင်းအိမ်ကြီးတွေ ဆောက်ထားတာ ဆိုတော့

mgyoe.com

လမ်းဘေးဝဲယာရော၊ ခြံတွင်း ခြံပြင်ပါ အုပ်ဆိုင်းပြီး သိပ်ကို နေချင့်စဖွယ် တောရိပ်ရတဲ့ ရိပ်သာ အိမ်ရာလေးပေါ့။ အိမ်ရာလမ်းကြားတွေကလည်း တကယ်တမ်း ပြောရရင် ကျဉ်းတယ်လို့ မဆိုသာပေမယ့် အကုန်လုံးကို တစ်လမ်းသွား အနေနဲ့ သတ်မှတ်ထားတာ။ လမ်းသွားလမ်းလာတွေ အန္တရာယ်ကင်းကင်း သွားရအောင် ဆိုတဲ့ ရည်ရွယ်ချက်ကလည်း လူချမ်းသာ ရပ်ကွက်ရဲ့ အဆင်တန်ဆာပဲ မဟုတ်လား။

ဟိုးအရင်နှစ်က သူရိန် ဒီပတ်ဝန်းကျင်မှာ ခြံတစ်ခြံ ဝယ်လိုက်တယ်လို့ သတင်းကြားတော့ "ငါထင်တဲ့ အတိုင်းပဲ" လို့ စိတ်ထဲ တွေးလိုက်မိသေးတယ်။ ဒီဒေသမှာ မွေးဖွားကြီးပြင်းတဲ့ လူတစ်ယောက်အနေနဲ့ ကိုယ့်မွေးရပ်မြေမှာ အိမ်နဲ့ ခြံနဲ့ အတည်တကျ နေဖို့ဆိုတာ လူတိုင်း လိုလား တောင့်တတဲ့ စိတ်ကူးယဉ် အိပ်မက်ပဲ မဟုတ်လား။

သူရိန်ရဲ့ အိမ်က ခံ့ညားထည်ဝါတဲ့ အိမ်ကြီးအိမ်ကောင်းလို့ ပြောလို့ မရပေမယ့် သူတို့ လင်မယားနှစ်ယောက်အတွက်တော့ ကျယ်လွန်းနေပါသေးတယ်။ အိမ်မကြီးရဲ့ အခန်းဖွဲ့စည်းပုံ၊ ဘေးပြတင်းတံခါး၊ မျက်နှာကြက် စတာတွေက အနောက်တိုင်းပုံစံနဲ့ ခမ်းခမ်းနားနား။ ကြည့်ရတာ လင်မယားနှစ်ယောက် ပူးပေါင်းပြီး ဒီဇိုင်း ထုတ်ထားသလားပဲ။ မဟုတ်သေးဘူး ... ဘေးတိုက်နံရံ အပြင်အဆင်ကို ကြည့်ရင် ဒါ ဇနီးဖြစ်သူရဲ့ သဘောဆန္ဒက အလေးသာပုံ ရတယ်။ သူက ဥရောပစတိုင် ရှေးဟောင်း တိုက်အိမ်ပုံစံမျိုးနဲ့ နေချင်တယ်လို့ ပြောခဲ့ဖူးတာကိုး။

'ဇနီးဟောင်း' လို့ပြောမှ ပိုမှန်မယ်။

အိမ်အပြင် ဝင်းအုတ်နံရံကို ပတ်ပြီး တံခါးမကြီးဆီ ရောက်တော့ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်တယ်။ တော်တော်ကြာတဲ့အထိ ဘယ်သူမှ ထူးသံ မကြားရဘူး။ ဒါနဲ့ သူ့ရဲ့ BMW ကား ရှိ၊ မရှိ လှမ်းကြည့်လိုက်တော့ ကားကို မတွေ့ရဘူး။ ကြည့်ရတာ အပြင်ထွက်သွားတယ် ထင်တယ်။

အချိန် ဘယ်လို ဖြုန်းရပါ့မလဲ။ ရုတ်တရက် ဆိုသလို ပိတောက်ပန်းကို သတိရသွားတယ်။ သူရိန်တို့ရဲ့ ခြံထဲမှာ ပိတောက်ပင်တစ်ပင် စိုက်ထားတယ်။ ပြီးခဲ့တဲ့တစ်ခေါက် လာတုန်းက ပိတောက်ပန်း နည်းနည်း စပြီး ပွင့်နေပြီ။ တွက်ကြည့်ရင် ဆယ်ရက်လောက်တော့ ရှိရောပေါ့။ အခုဆို ဘယ်လောက်တောင် ပွင့်နေပြီလဲ မသိဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်က ဧည့်သည် ဆိုပေမယ့်လည်း အိမ်ရှင်နဲ့က ငယ်သူငယ်ချင်းတွေ ဆိုတော့ အိမ်ရှင်အလာ စောင့်မနေတော့ဘူး။ တံခါးမကြီးက ပိတ်ထားပေမယ့် လူဝင်ပေါက်တံခါးက သော့ခတ်မထားတော့ ကိုယ့်ဘာသာပဲ ဖွင့်ဝင်လာခဲ့တယ်။ ပြီးတော့ လူသွားလမ်းလေးအတိုင်း ပန်းခြံထဲ ဝင်သွားလိုက်တယ်။

ဝိတောက်ပန်းတွေက တစ်ပင်လုံးနီးနီး ကြွေကျထားတာ မြေပြင်တစ်ခုလုံး ဝါနေရောပဲ။ အပင်ပေါ်မှာ ကြိုးကြားကြိုးကြား နည်းနည်းပဲ ကျန်တော့တာ။ ဒါပေမဲ့ အခုချိန်မှာ အပင်ပေါ်က ပန်းတွေကို မော့ကြည့်ပြီး အရသာခံမနေနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မျက်နှာစိမ်းနဲ့ အမျိုးသမီးတစ်ယောက်ကို အဲဒီအပင်နားမှာ မြင်နေရလို့ပဲ။

အဲဒီအမျိုးသမီးက ခါးကိုကိုင်းပြီး မြေကြီးပေါ်က တစ်စုံတစ်ခုကို စူးစူးစိုက်စိုက် ကြည့်နေသလိုမျိုး။ ဂျင်းဘောင်းဘီနဲ့ တီရှပ်၊ ရိုးရိုးလေး ဝတ်ထားပြီး လက်ထဲမှာတော့ အဖြူရောင် ပစ္စည်းတစ်ခု ကိုင်ထားတယ်။

"ဒီမယ် ..." လို့ ကျွန်တော် လှမ်းခေါ်လိုက်တယ်။

အမျိုးသမီးက အထိတ်တလန့် ဖြစ်သွားပြီး ကျွန်တော့်ဘက် လှည့်လာတယ်။

"အို၊ တောင်းပန်ပါတယ်" လို့ သူက ပြောလာတယ်။ "ကျွန်မရဲ့ ပစ္စည်းလေတိုက်လို့ ဒီခြံထဲ ပြုတ်ကျသွားတယ်။ ဒီက အိမ်ရှင်တွေ မရှိဘူး ထင်တယ်။ ဒါကြောင့် ကျွန်မ ကိုယ့်ဘာသာ ဝင်လာလိုက်တာ" သူ့လက်ထဲမှာ ကိုင်ထားတဲ့ ပစ္စည်းကို ကျွန်တော် မြင်သာအောင် ထိုးပြတယ်။ ကြည့်လိုက်တော့ အဖြူရောင် ဦးထုပ်တစ်လုံး။

သူ့အသက်က ကြည့်ရတာ ၃၅ နဲ့ ၄၀ ကြားပဲ။ မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်ပေါက်လည်း ကျဉ်းကျဉ်းလေး။ ရုပ်ရည်ကတော့ ပုံမှန်ပဲ။ မျက်နှာကြည့်ရတာတော့ မသာမယာနဲ့။

စောစောက လေတိုက်တာ ဒီလောက်ပဲ ပြင်းလို့လား။ ဦးထုပ်တစ်လုံးကို ခြံထဲ ရောက်အောင် တိုက်နိုင်ပါ့မလား။ ကျွန်တော့်ဘာသာ တွေးနေမိတယ်။

"ခင်ဗျားကြည့်ရတာမြေပြင်ကိုစေ့စေ့စပ်စပ်လေ့လာနေသလိုမျိုးပဲ"

mgyoe.com

"ဪ ... ဒီမြက်ခင်းပြင်က သိပ်လှတာပဲ။ ဘယ်လိုများ ပြုစုထားပါလိမ့်လို့ တွေးနေတာ"

"ဒါတော့ ကျွန်တော်လည်း မသိဘူးဗျာ။ ဒါက ကျွန်တော့် သူငယ်ချင်း အိမ်ပါ"

သူက ခေါင်းတညိတ်ညိတ်နဲ့။ ကြည့်ရတာ ကျွန်တော် အိမ်ရှင် မဟုတ်မှန်း သိပုံရတယ်။

"အနှောင့်အယှက် ပေးမိတာ စိတ်မကောင်းပါဘူး"

ခေါင်းတစ်ချက်ညိတ်ပြပြီး ကျွန်တော့်ဘေးက ပခုံးချင်းတိုက်လုမတတ် ကပ်လျှောက်သွားပြီး ခြံပြင်ထွက်သွားတယ်။

နောက်ငါးမိနစ်လောက် ကြာတော့ ကားပါကင်ဘက်က ကားစက်သံ ကြားလိုက်ရတယ်။ သူရိုန် ပြန်ရောက်လာပြီ ထင်တယ်။

အိမ်မကြီးဘက် လျှောက်သွားတော့ နက်ပြာရောင်ကားက ကား ပါကင်မှာ ထိုးဖို့လုပ်နေပြီ။ ကားမောင်းနေတဲ့ သူရိုန်က ကျွန်တော် ရောက်နေ တာကို အသိအမှတ်ပြုတဲ့ အနေနဲ့ ပြုံးပြီး ခေါင်းတစ်ချက် ညိတ်ပြတယ်။

ဘေးမှာထိုင်နေတဲ့ သန္တာက ပြုံးပြရင်း တောင်းပန်နေရှာတယ်။

"တောင်းပန်ပါတယ်ရှင်။ လိုတဲ့ပစ္စည်းလေးတွေ ထွက်ဝယ်တာလေ။ လမ်းမှာ ကားကျပ်နေတာနဲ့ ကြာနေတာ။ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ"

ကားပေါ်က ဆင်းဆင်းချင်း သူရိုန်ကလည်း တောင်းပန်တဲ့ အနေနဲ့ လက်တစ်ဖက်မြှောက်ပြတယ်။

"စောင့်နေတာ ကြာပြီလားကွ"

"သိပ်မကြာသေးပါဘူးကွာ၊ မင်းခြံထဲက ပိတောက်ပန်းတွေကို ကြည့် နေတာ"

"ကြွေကုန်ပြီ ထင်တယ်"

"အင်း၊ ကြွေနေပေမဲ့လဲ လှတာပဲကွာ"

"ပန်းတွေ ပွင့်နေတုန်းကတော့ အဟုတ်ပဲ၊ အဲနောက်တော့ ဒုက္ခပေး တာပဲကွာ၊ ငါ့ရဲ့ အလုပ်ခန်း ပြတင်းပေါက်နဲ့က သိပ်နီးတယ် မဟုတ်လား၊ ပိုးကောင်လေးတွေက အဲဒီကနေ အပြုံလိုက် ဝင်လာတာပဲ"

"အာ ... ဒုက္ခပါပဲ၊ ဒါပေမဲ့ အခု မင်း အဲဒီမှာ အလုပ်လုပ်စရာမှ မလို တော့တာ၊ မဟုတ်ဘူးလား"

mgyoe.com

mgyoe.com

"အင်း၊ အဲဒီ ပိုးကောင်တွေကြားမှာ အလုပ် မလုပ်ရတော့ဘူးလို့ တွေးမိရင်ကိုပဲ ဝမ်းသာလို့ မဆုံးဘူး။ လာ လာ အထဲအရင် ဝင်ကြရအောင်။ ငါတို့ ပန်းကန်ခွက်ယောက်တွေ နည်းနည်းတော့ ချန်ထားသေးတယ်။ မင်းကို ကော်ဖီ ဖျော်တိုက်ဦးမယ်"

ကျွန်တော်တို့ အိမ်ထဲ ဝင်လိုက်ကြတယ်။ အိမ်ထဲမှာ ပစ္စည်းပစ္စယ တွေ အားလုံးနီးပါး သိမ်းဆည်းပြီးကုန်ပြီ၊ နံရံပေါ်က ပန်းချီကားတွေတောင် မရှိတော့ဘူး။

"အထုပ်အပိုးတွေ ပြင်ပြီးပြီပေါ့" သူရိန်ကို မေးလိုက်တယ်။

"အလုပ်ခန်းထဲကလွဲလို့ အားလုံးနီးပါး ထုပ်ပိုးပြီးပြီ"

"ဒီည ဘယ်မှာအိပ်ဖို့ စိတ်ကူးထားလဲ"

"ဟိုတယ်မှာ အခန်းယူထားပြီးပြီလေ၊ ဒါပေမဲ့ ငါတော့ ဒီမှာပဲ ညအိပ်ရလိမ့်မယ် ထင်တယ်"

ကျွန်တော်နဲ့ သူရိန်တို့ သူ့အလုပ်ခန်းထဲ ဝင်လိုက်ကြတယ်။ အတော် ကျယ်တဲ့ အနောက်တိုင်း ရုံးခန်းပုံစံမျိုး။ အခန်းထဲမှာတော့ ကွန်ပျူတာ၊ စာရေးစားပွဲနဲ့ စာအုပ်စင်တစ်စင်ပဲ ကျန်တော့တယ်။ ကျန်တာတွေ အားလုံး ထုပ်ပိုးထားပြီးပြီ ဆိုတော့ ဟာလာဟင်းလင်း ဖြစ်နေတယ်။

"ဒါဆို မနက်ဖြန် စာမူအပ်စရာ ရှိနေသေးလို့လား"

သူရိန်က မျက်ခုံးတစ်ချက်ပင့်ပြီး ခေါင်းညိတ်ပြတယ်။

"ဆောင်းပါးက အကုန် မပေးရသေးဘူးလေ၊ ဒီည မဂ္ဂဇင်းတိုက်ကို ပို့ပေးမယ် ပြောထားတာ၊ ဒါကြောင့် တယ်လီဖုန်းတောင် မဖြုတ်ရသေးဘူး"

"သော်တာမဂ္ဂဇင်းအတွက်လား"

"ဟုတ်တယ်"

"ရေးဖို့ ဘယ်နှမျက်နှာ ကျန်သေးတာလဲ"

"၃၀။ အင်း ... ပြီးနိုင်မှာပါလေ"

အခန်းထဲမှာ ထိုင်ခုံနှစ်လုံး ရှိတယ်။ ကျွန်တော်တို့ နှစ်ယောက် စားပွဲရဲ့ တစ်ဖက်စီမှာ နေရာယူလိုက်ကြတယ်။ ခဏကြာတော့ ကော်ဖီခွက် တွေ ကိုင်ပြီး သန္တာ အခန်းထဲ ဝင်လာတယ်။

mgyoe.com

"ဗန်ကူးဗားရဲ့ ရာသီဥတုက ဘယ်လိုလဲ။ ဒီနေရာထက်တော့ အများကြီး ပိုအေးမယ် ထင်တယ်"

ကျွန်တော်က နှစ်ယောက်စလုံးကို မေးလိုက်တယ်။

"ဒီနဲ့က ဘာမှ မဆိုင်ဘူး၊ ဟိုမှာက ရာသီဥတု ပိုအေးတယ်"

"နွေရာသီမှာ အေးအေးလူလူ နေရတာလဲ ကောင်းတာပဲ၊ တစ်နေကုန် အဲယားကွန်းခန်းထဲ နေရတာ ကျန်းမာရေးအတွက် မကောင်းဘူးလေ"

"အေးအေးလူလူနဲ့ အလုပ်လုပ်ရရင်တော့ သိပ်ကောင်းမှာပဲ၊ ဒါပေမဲ့ မဖြစ်နိုင်ဘူး ထင်တယ်" သူရိန်က ပြောရင်း ရယ်နေတယ်။

"ဦးပေါ်လွင်၊ နောက်ကျရင် လာလည်ရမယ်နော်၊ အဲဒီအခါ ကျွန်မက ညှော်လမ်းညွှန် လုပ်ပေးမယ်လေ" လို့ သန္တာက ပြောတယ်။

"ကျေးဇူးပါဗျာ၊ လာမှာပေါ့"

"ရှင်တို့ အေးဆေး စကားပြောကြဦး" ဆိုပြီး သန္တာ အခန်းထဲက ထွက်သွားတယ်။

သူရိန်က ကော်ဖီခွက်ကို ကိုင်ရင်း ရပ်လိုက်ပြီး ပြတင်းပေါက်ကနေ ပန်းခြံဘက်ကို လှမ်းကြည့်နေတယ်။

"ပိတောက်ပန်းတွေ အစီအရီ ပွင့်နေတာကို ကြည့်ခွင့်ရတာ သိပ်စိတ်ချမ်းသာတာပဲ" လို့ သူက ပြောတယ်။

"နောက်နှစ်က စပြီး ပိတောက်ပန်းတွေ ပင်လုံးကျွတ်ပွင့်တိုင်း ဓာတ်ပုံရိုက်ပြီး မင်းဆီ ပို့ပေးမှာပေါ့။ ဒါနဲ့ ကနေဒါဘက်မှာကော ပိတောက်ပန်းရှိလား"

"မသိဘူး။ ငါတို့ ပြောင်းနေတဲ့ အနီးပတ်ဝန်းကျင်တော့ မရှိဘူးပဲ" သူ ကော်ဖီတစ်ငုံ ငုံရင်း ပြောလိုက်တယ်။

"ပြောရင်းမှပဲ သတိရတယ်။ စောနက မင်းခြံထဲမှာ ထူးဆန်းတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ခဲ့တယ်" နဂိုကတော့ ပြောသင့်၊ မပြောသင့် ဇဝေဇဝါနဲ့။နောက်တော့အသိပေးထားတာကောင်းမယ်လို့ဆုံးဖြတ်လိုက်တယ်။

"ထူးဆန်းတဲ့ အမျိုးသမီး ..." သူရိန် မျက်မှောင်ကြုတ်သွားတယ်။

ကျွန်တော် ပိတောက်ပင်အောက်မှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို အစအဆုံး ပြောပြလိုက်တော့ အစပိုင်းက အံ့သြနေတဲ့ သူ့မျက်နှာပေးကနေ အကြောင်းအရာတစ်ခုခုကိုသဘောပေါက်သွားသလိုမျိုးပြောင်းလဲသွားတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"မင်း စောစောက ပြောတဲ့ အမျိုးသမီးရဲ့ ပုံစံက ရုပ်သေးရုပ်လိုမျိုး မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်။ နှိုင်းပဲ နှိုင်းတတ်ပလေ့ကွာ၊ အဲဒီပုံပဲ" သူရိန်ရဲ့ ဥပမာပေးပုံက သိပ်ထိမိတာပဲ။ ကျွန်တော် ရယ်လိုက်မိတယ်။

"သူက ဒီအနီးအနားမှာ နေတာ၊ သူက ရုပ်နုတယ် ပြောရမယ်။ တကယ်ဆို သူ့အသက်က ၄၀ ကျော်လောက်ပြီ၊ အလယ်တန်းကျောင်း တက်နေတဲ့ သားတစ်ယောက် ရှိတယ်၊ လူပေလူတေလေးကွ၊ သူ့ယောက်ျား ကတော့ အိမ်မှာ မရှိတာ များတယ်၊ တခြား မြို့တစ်မြို့မှာ အလုပ်လုပ်နေပုံပဲ၊ အဲဒါ သဏ္ဌာရဲ့ အထင်ပေါ့လေ"

"သိထားတာ အတော်များတာပဲ၊ အတော်ခင်တဲ့ မိတ်ဆွေတွေလား"

"အဲဒီမိန်းမနဲ့လား ... ဘယ်ကလာကွာ"

သူ ပြတင်းပေါက် မှန်တံခါးကို ဖွင့်လိုက်တော့ အပြင်က လေပြည် လေညင်းနဲ့အတူ ပိတောက်ပန်းနံ့တွေ အခန်းထဲ တိုးဝင်လာတယ်။

"ပြောင်းပြန်ပဲ ငါ့လူ"

သူက ဆက်ပြောတယ်။

"ငါ့ကို မုန်းနေတဲ့လူလို့ ပြောမှ ပိုမှန်မယ်"

"မုန်းနေတာ ... သူ့ကြည့်ရတာတော့ ပုံမှန်ပါပဲ။ ဘာဖြစ်လို့လဲ"

"ကြောင် ကြောင့်ပေါ့ကွာ"

"ကြောင် ... ကြောင်နဲ့ ဘယ်လို ပတ်သက်လို့လဲ"

"မကြာခင်ကပဲ သူမွေးထားတဲ့ ကြောင်လေး သေသွားတယ်၊ လမ်းဘေးမှာ ရုတ်တရက် လဲသွားတယ်လို့ ကြားမိတာပဲ၊ တိရစ္ဆာန်ဆရာဝန်နဲ့ သွားပြတော့ အဆိပ်ခတ်ခံရတာ ဖြစ်နိုင်တယ်လို့ သိရတယ်"

"အဲဒါကကော မင်းနဲ့ ဘာဆိုင်လို့လဲ"

"ငါက အဆိပ်ခတ်ပြီး သူ့ကြောင်ကို သတ်ပစ်လိုက်တယ်လို့ သူက သံသယ ရှိနေတာလေ"

"မင်းက ... သူက ဘာလို့ အဲဒီလို ထင်ရတာလဲ"

"ဒီအပိုဒ် ..."

သူရိန်က စာအုပ်စင်ပေါ်က မဂ္ဂဇင်းတစ်အုပ်ကို ယူပြီး ကျွန်တော့်အရှေ့မှာ လှန်ပြတယ်။

mgyoe.com

"မင်း ဒါ ဖတ်ကြည့်ကြည့်"

စာမျက်နှာ တစ်ဝက်လောက်ပဲ ရှိတဲ့ ကြားညှပ် အက်ဆေး အတိုစားလေး။ ခေါင်းစဉ်က "သည်းခံနိုင်တဲ့ အကန့်အသတ်" တဲ့၊ အထက်နားမှာ သူရိန်ရဲ့ ဓာတ်ပုံပါ ထည့်ထားတယ်။ စာပိုဒ်ရဲ့ ဆိုလိုရင်းက အိမ်တကာ လည်နေတဲ့ကြောင် တစ်ကောင်က သူ့ကို စိတ်ကသိကအောက် ဖြစ်အောင် လုပ်နေတဲ့ အကြောင်း။

"နံနက်ဆိုရင် ပန်းခြံထဲမှာ အမြဲလိုလို တွေ့နေရတာက ကြောင်ချေးပဲ၊ ကားကို ကားပါကင်မှာ ရပ်ထားရင်လဲ ကားမိုးကာပေါ်မှာ ကြောင်ခြေရာတွေ က အများကြီးပဲ အထင်းသား၊ ပန်းအိုးထဲက ပန်းပင်တွေ ဆိုလဲ ကိုက်ဖြတ်ခံထားရလို့ မြေပြင်မှာ သစ်ရွက်တွေ ဗရပွနဲ့၊ ဒါတွေ အားလုံးရဲ့ အဓိက တရားခံဟာ အနက်ရောင် အမွေးပွနဲ့ ကြောင်တစ်ကောင်ပဲ ဆိုတာ သိပါလျက်နဲ့ ဘာမှ မလုပ်နိုင်ဘဲ လက်ပိုက်ကြည့်နေရတယ်၊ လုပ်သင့်တဲ့ အကာအကွယ် အတားအဆီးတွေ လုပ်ထားပေမဲ့လဲ ဘာမှ ထူးမလာဘူး၊ ကိုယ့်ရဲ့ သည်းခံနိုင်တဲ့ အတိုင်းအတာကို နေ့တိုင်းနေ့တိုင်း စိန်ခေါ်ခံနေရသလို ........."

"သေသွားတဲ့ ကြောင်က အနက်ရောင် အမွေးပွလား"

"ဟုတ်မယ် ထင်တာပဲ"

"အေးပေါ့လေ"

ကျွန်တော် မချိပြုံး ပြုံးရင်း ခေါင်းညိတ်လိုက်ပြီး–

"သူ မင်းကို သံသယရှိနေတာက လုံးဝ အဓိပ္ပာယ်မရှိတာမှ မဟုတ်တဲ့"

"ပြီးခဲ့တဲ့အပတ်က သူ ဒေါသတကြီးနဲ့ အိမ်ရှေ့ရောက်လာပြီး ဆဲလား ဆိုလား လုပ်တယ်၊ ငါက အဆိပ်ခတ်ပါတယ်လို့ နာမည်တပ်ပြီး ဆဲနေတာ မဟုတ်ပေမဲ့ အဲဒီ သဘောပဲပေါ့ကွာ၊ သန္တာကလဲ စိတ်ဆိုးဆိုးနဲ့ 'ငါတို့ အဲဒီလို အောက်တန်းကျတဲ့ အလုပ်မျိုး မလုပ်ဘူး' ဆိုပြီး ပြန်ဟောက်လွှတ်တော့ မကျေမချမ်းနဲ့ ပြန်သွားတယ်၊ ဒါပေမဲ့ ငါတို့ ပန်းခြံနား မယောင်မလည်နဲ့ အမြဲ လာလာပြီး ချောင်းနေပုံထောက်တော့ ငါတို့အပေါ် သံသယက ရှိနေတုန်းပဲ။ ကြည့်ရတာ ခတ်ခဲ့တဲ့ အဆိပ်ဆေးလုံး အကြွင်းအကျန်များ ရှိလေမလားလို့ သက်သေ အထောက်အထား လာရှာနေပုံ ရတယ်"

"တယ်လဲ ဖွဲကြီးပါလား"

"အဲလို မိန်းမမျိုးက အဲဒီလိုပဲ"

mgyoe.com

mgyoe.com

"မင်းတို့ ကနေဒါကို ပြောင်းသွားတော့မယ် ဆိုတာ သူ မသိလို့လား"

"သန္တာ သူ့ကို ပြောထားပြီးသားလေ၊ ငါတို့ နောက်တစ်ပတ်ထဲ ဇန်နဝါရီကူးဖားကို ပြောင်းတော့မယ် ဆိုတာ ပြောထားတယ်၊ သူ့အိမ်က ကြောင် ခြံထဲလာပြီး ဘယ်လောက်ပဲ သောင်းကျန်း သောင်းကျန်း ငါတို့ သည်းခံရလဲ အလွန်ဆုံး တစ်ပတ်ပေါ့၊ ကြည့်ရတာ သန္တာလဲ အတော် တင်းနေပုံပဲ"

သူရိန်က သဘောကျပြီး ရယ်နေတယ်။

"သန္တာပြောတာ အဓိပ္ပာယ် ရှိတာပဲ၊ မင်းတို့အနေနဲ့ သူ့ကြောင်ကို အမြန် သတ်ပစ်ရလောက်အောင် အကြောင်းမှ မရှိတာ"

ဘာကြောင့်လဲတော့ မသိဘူး။ သူရိန်က ကျွန်တော့် စကားကို ဘာမှ ပြန်မပြောဘဲ ပြုံးပြုံးကြီးနဲ့ ပြတင်းအပြင်ဘက်ကို ကြည့်နေတယ်။ ကော်ဖီ သောက်လို့လည်း ကုန်သွားရော သူက ခပ်အေးအေးပဲ ပြောလာတယ်။

"ငါ လုပ်လိုက်တာ"

"အမ်"

ကျွန်တော် နားမလည်နိုင်တာနဲ့ ထပ်မေးလိုက်တယ်။

"ဘာ ဆိုလိုတာလဲ"

သူက ကော်ဖီခွက်ကို စားပွဲပေါ် တင်လိုက်ပြီး ဆေးလိပ်ဘူးနဲ့ မီးခြစ်ကို လှမ်းယူလိုက်တယ်။

"ငါ သတ်လိုက်တာလေ၊ ပန်းခြံထဲမှာ အဆိပ်လုံးတွေ ငါ ချထားခဲ့တာ၊ ဒီလောက် လွယ်လွယ်နဲ့ ကိစ္စပြီးသွားလိမ့်မယ် လို့တော့ ငါ ထင်မထားခဲ့ဘူး"

ဒီလို စကားမျိုးတွေ သူ့ပါးစပ်က ထွက်လာတော့ ကျွန်တော့်ကို နောက်နေတယ်လို့ပဲ ထင်နေတာ။ ကျေနပ်စွာ ပြုံးနေတဲ့ သူ့မျက်နှာကို မြင်ရ တော့မှ ဒါ နောက်နေတာ လုံးဝ မဖြစ်နိုင်တော့ဘူး။

"မင်းက အဆိပ်ကို ဘယ်လို လုပ်တာလဲ"

"ဘယ်လို လုပ်ရမှာလဲ၊ ကြောင်စာထဲ ဓာတ်မြေဩဇာထည့်ပြီး ခြံထဲ ချထားလိုက်ရုံပေါ့၊ အထိန်းအကွပ် မရှိတဲ့ ကြောင်က တကယ်ကို ဘာမဆို စားတာပဲဟ"

mgyoe.com

mgyoe.com

သူရိန်က ဆေးလိပ်တစ်လိပ်ကို မီးညှိပြီး ခပ်ပြင်းပြင်း ရှိုက်ဖွာလိုက်တယ်။ သူ့ဆီက ထွက်တဲ့ ဆေးလိပ်မီးခိုးငွေ့တွေဟာ အခန်းတွင်း ဖြတ်ဝင်လာတဲ့ လေနဲ့အတူ မြူခိုးပမာ လေထဲစီးမျောလို့။

"မင်း ဘာလို့ အဲဒီလို လုပ်ရတာလဲ"

ကျွန်တော် မေးလိုက်တယ်။ စိတ်ထဲမှာ နေမထိ ထိုင်မသာနဲ့။

"ငါ မင်းကို ပြောဖူးတယ်လေ၊ ဒီခြံက အခုထိ ငှားနေမဲ့သူ မရှိသေးဘူးလို့"

သူက မျက်နှာကို တည်ထားလိုက်ပြီး ပြောတယ်။

"အင်း"

သူရိန်တို့ လင်မယားက သူတို့ ကနေဒါမှာ သွားနေနေတဲ့ အချိန်ကာလအတွင်း ဒီခြံကို အငှားချထားမယ်လို့ ဆုံးဖြတ်ထားကြတယ်။

"လာပြီး စုံစမ်းတဲ့သူကတော့ မပြတ်ဘူး၊ ဒါပေမဲ့ သူတို့ မကြိုက်တာ တစ်ချက် ရှိတယ်လို့ ပြောကြတယ်"

"ဘာတဲ့လဲ"

"ကြောင်တွေ အနားမကပ်ရဲအောင် ကြောင်ပြေးအောင် ဆိုပြီး နေရာတကာမှာ ဖန်ပုလင်းတွေ အများကြီး ချထားတာကို သူတို့က သတိထားမိကြတယ်၊ ဒီခြံထဲမှာ ကြောင်တွေ တော်တော် အနှောင့်အယှက် ပေးနေပါလားလို့ သူတို့ကလဲ ယူဆပြီး မငှားချင်ကြတော့ဘူး"

"ဘာခက်သလဲကွာ၊ အဲဒီ ပုလင်းတွေ အကုန်ဖယ်ပစ်လိုက်ပေါ့"

"ဒါက ပြဿနာကို တကယ် ပြေလည်သွားစေတာမှ မဟုတ်ဘဲ၊ သူတို့ ခြံထဲ အသေအချာ လိုက်ကြည့်လို့ ကြောင်ချေးတွေ မြင်သွားရင် ဘယ့်နှယ့် လုပ်မလဲ၊ ငါတို့ ရှိနေတုန်းတော့ နေ့တိုင်း တံမြက်စည်း လှည်းနေလို့ ရသေးရဲ့၊ မနက်ဖြန် ငါတို့ ပြောင်းသွားပြီ ဆိုရင်တော့ ဒီခြံထဲ နံစော်နေတော့မှာပဲ"

"ဒါနဲ့ပဲ မင်းက သတ်ပစ်လိုက်တယ်ပေါ့"

"ဒါက ကြောင်ရှင်မှာ တာဝန်ရှိတာလေ။ အဲဒီ အမျိုးသမီးက ဒါကို သဘောပေါက်ပုံ မရဘူး" သူရိန်က ကုန်ခါနီး ဆေးလိပ်တိုကို ဆေးလိပ်ပြာခွက်ထဲ ထိုးခြေပြီး မီးသတ်လိုက်တယ်။

"သန္တာကော ဒီကိစ္စကို သိလား"

mgyoe.com

mgyoe.com
SAMPLE BOOK

သူရိန်က ရယ်ရင်း ခေါင်းခါတယ်။ "ဘယ်သိလို့ ဖြစ်မလဲကွာ။ မိန်းမဆိုတာမျိုးက ၁၀၀ မှာ ၈၀ က ကြောင်ချစ်ကြတာချည်းပဲ။ ငါသာ သူ့ကို အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် ငါ့ကို မကောင်းဆိုးဝါးအလား ကြည့်နေတော့မှာ"

ကျွန်တော်လည်း ဘာဆက်ပြောရမှန်း မသိတာနဲ့ ခပ်မဆိတ်ပဲ ငြိမ်နေလိုက်တယ်။ အဲဒီအချိန်မှာပဲ ဖုန်းခေါ်သံ မြည်လာလို့ သူရိန်က ဖုန်းကောက်ကိုင်လိုက်တယ်။

"ဟယ်လို၊ ဩော် အခုပဲ ခင်ဗျားကို သတိရနေတာဗျာ ..... အင်း၊ နကိုအစီအစဉ်အတိုင်းပါပဲ ..... ဟာ၊ ခင်ဗျား အကြားအမြင် ရနေသလိုပဲ။ ဟုတ်တယ်ဗျ၊ ကျွန်တော် အခုမှ စရေးမလို့ ..... ဟုတ်တယ်၊ ဒီည အားလုံး ပြီးပြတ်အောင် လုပ်နိုင်မှာပါ ........ ကောင်းပြီလေ၊ ကျွန်တော် ပြီးတာနဲ့ ချက်ချင်း ပို့ပေးမယ်။ .... မဖြစ်ဘူးဗျ၊ ဒီတယ်လီဖုန်းက မနက်ဖြန် နေ့လယ်အထိပဲ သုံးလို့ရမှာ။ ဒါကြောင့် ကျွန်တော်ပဲ ဖုန်းလှမ်းဆက်လိုက်ပါမယ် ........ အင်း၊ ကျွန်တော် ဟိုတယ်ကနေ လှမ်းဆက်မယ်။ ကောင်းပြီလေ၊ ဒါပဲနော်"

ဖုန်းချလိုက်ပြီး သူ သက်ပြင်းကို ဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်တယ်။

"အယ်ဒီတာလား"

ကျွန်တော် မေးလိုက်တယ်။

"မဂ္ဂဇင်းတိုက်က ဂျာကြီးလေ၊ အချိန်ဆွဲတတ်တဲ့ ငါ့အကျင့်ကို သိနေတော့ ငါ့ကို သိပ်စိတ်ချပုံ မရဘူး၊ ငါက နောက်နေ့ ဒီမှာ မရှိတော့ဘူး ဆိုတော့ စာမူမပေးဘဲ ထွက်ပြေးသွားမှာ စိုးရိမ်ပုံပဲ"

"ဒါဆို ငါလဲ မနှောင့်ယှက်တော့ပါဘူးကွာ၊ ပြန်တော့မယ်"

ကျွန်တော် ထိုင်ရာက ထရပ်လိုက်တယ်။

အဲဒီအချိန် ခပ်လှမ်းလှမ်းက စကားပြောသံတချို့ ကြားလိုက်ရတယ်။ ခဏနေတော့ ဧည့်ခန်းကနေ ဖြတ်လျှောက်လာတဲ့ သန္တာရဲ့ ခြေသံကို ကြားရပြီး နောက်တော့ တံခါးခေါက်သံ ထွက်လာတယ်။

"ဘာကိစ္စလဲ"

သူရိန်က လှမ်းမေးတယ်။

တံခါးပွင့်လာပြီး မျက်နှာမကြည်မသာနဲ့ သန္တာရဲ့ ခေါင်း ဝင်လာတယ်။ "မလင်းလင်းမော် လာတယ်" အသံက လေးလေးပင်ပင်နဲ့။

mgyoe.com

mgyoe.com

SAMPLE BOOK


သူရိန့်ရဲ့ မျက်နှာက မိုးရွာတော့မယ့် ကောင်းကင်လို ချက်ချင်း မည်းမှောင်သွားတယ်။

"မလင်းလင်းမော် ..."

"အင်း၊ သူက ပြောတယ်၊ ဒီနေ့တော့ မဖြစ်မနေကို ဆွေးနွေးမှ ဖြစ်မယ် တဲ့"

"ဒုက္ခပါပဲ"

သူရိန်က နှုတ်ခမ်းကို ကိုက်ပြီး–

"ငါတို့ ကနေဒါကို ပြောင်းတော့မယ် ဆိုတာ သူ သတင်းရသွားပုံပဲ"

"ကို အလုပ်များနေလို့ မအားဘူး ဆိုပြီး ပြန်ခိုင်းလိုက်ရမလား"

"အဲ ......"

သူ ခဏစဉ်းစားလိုက်ပြီး–

"နေပါစေ၊ တွေ့လိုက်ပါ့မယ်၊ ဒီမှာတင်ပဲ ကိစ္စကို ပြေလည်အောင် ဖြေရှင်းလိုက်တာ ပိုကောင်းမယ်၊ သူ့ကို ဒီခေါ်ခဲ့ပါလား"

"ဟုတ်၊ အဲ ....."

သန္တာက စိုးရိမ်စိတ်နဲ့ ကျွန်တော့်ဘက် လှမ်းကြည့်တယ်။

"အား .. ကျွန်တော် အခုပဲ ပြန်တော့မလို့"

ကျွန်တော် ပြောလိုက်တယ်။

"ဆောရီးပဲနော်"

သန္တာ ပြောပြီးတာနဲ့ အခန်းဝကနေ ပျောက်သွားတယ်။

"အတော် ခေါင်းစားတာ"

သူရိန် သက်ပြင်းချရင်း ပြောတယ်။

"မင်းတို့ စောနက ပြောတဲ့ မလင်းလင်းမော် ဆိုတာ ထွန်းမောင်ရဲ့..."

"နှမလေ"

သူက သူ့ခေါင်းကို ကုတ်လိုက်ပြီး–

"သူတို့က ပိုက်ဆံ လိုချင်လို့ပါဆိုလဲ အကောင်းသား။ တကယ်လို့ စာအုပ်တွေ အကုန် ပြန်သိမ်းပြီး ဇာတ်လမ်းကို ပြန်ပြင် ရေးပေးရမယ် ဆိုရင်တော့ မဖြစ်နိုင်တာပဲ"

ခြေသံတွေက နီးသထက် နီးလာတော့ သူရိန် သူ့ပါးစပ်ကို အမြန်ပိတ်လိုက်တယ်။ တံခါးပေါက်အပြင်ဘက်က သန္တာရဲ့အသံ ထွက်လာတယ်။

mgyoe.com

mgyee.com
SAMPLE BOOK

"နည်းနည်း မှောင်တယ်နော် သတိထား"

ပြီးတော့ တံခါးခေါက်သံ ကြားရပြီး သူရိန်က ဝင်ခွင့်ပေးလိုက်တယ်။

သန္တာရဲ့ အနောက်မှာ ရပ်နေတာက အသက် ၂၆၊ ၂၇ လောက်ရှိမယ့် ဆံပင်ရှည်ရှည် အမျိုးသမီးတစ်ယောက်။ အလုပ်အင်တာဗျူး ဖြေဖို့ သွားတဲ့ လူတစ်ယောက်လို ဝတ်စားထားပြီး မဖိတ်ဘဲ လာရလို့ ယဉ်ကျေးတဲ့ အမူအရာ ကို ထင်ရှားအောင် ပြထားသလိုမျိုး။

"ဒါဆို ငါ သွားတော့မယ်"

ကျွန်တော် သူရိန်ကို နှုတ်ဆက်လိုက်တယ်။ နဂိုက သူ့ကို ပြောမလို့ပဲ။ အဆင်ပြေရင် နောက်နေ့ လေယာဉ်ကွင်းကို လိုက်ပို့မယ်လို့။ ဒါပေမဲ့ မပြော ဖြစ်ခဲ့ဘူး။ ကိုယ့်စကားတစ်ခွန်းက ညှို့သည် မလင်းလင်းမော်အတွက် အနှောင့် အယှက် ဖြစ်သွားရင် မကောင်းဘူးလေ။

သူရိန်ကတော့ ခပ်တည်တည်နဲ့ ခေါင်းတစ်ချက် ညိတ်ပြတယ်။

သန္တာနဲ့အတူ အိမ်ထဲက ထွက်လာခဲ့တယ်။

"သေသေချာချာ ညှို့မခံနိုင်တာ အားနာစရာပဲ ရှင်"

သန္တာက သူ့လက်ဖဝါးနှစ်ဖက်ကို ရှိခိုးသလို အုပ်ကိုင်ထားပြီး တောင်းပန်နေရှာတယ်။ ခန္ဓာကိုယ် သေးသေးသွယ်သွယ်နဲ့ ကလေးမလေး တစ်ယောက်လို အမူအရာမျိုးကို မြင်ရတဲ့သူက သူ့ကို အသက် (၃၀) ကျော်ပါလို့ ဘယ်သူက ထင်ရက်မှာလဲ။

"သန်ဘက်ခါ ကျွန်တော်လည်း လေယာဉ်ကွင်း လာခဲ့မယ်"

"ရှင် မအားဘူး မဟုတ်လား"

"ကိစ္စမရှိဘူး၊ ဘိုင့်ဘိုင်"

သူက ပြန်နှုတ်ဆက်ပြီး ကျွန်တော် လမ်းထဲ ချိုးကွေ့သွားတဲ့အထိ သူ ကြည့်နေခဲ့တယ်။

■

အိမ်ပြန်ရောက်ပြီး အလုပ်နည်းနည်း လုပ်ပြီးတာနဲ့ လူခေါ်ခေါင်းလောင်းက အသံမြည်လာတယ်။ ကျွန်တော့် နေအိမ်နဲ့ သူရိန်ရဲ့ နေအိမ်က ဘယ်လိုမှ နှိုင်းယှဉ်လို့ မရအောင် ကွာခြားလွန်းပါတယ်။ ကျွန်တော့် အိမ်က ငါးထပ်တိုက်

mgyee.com

mgyoe.com

အဆောက်အအုံကြီးထဲက တိုက်ခန်းသေးသေးလေး တစ်ခန်းမျှသာ။ အိပ်ခန်းကို အလုပ်ခန်းအနေနဲ့ တွဲသုံးပြီး ကျန်တဲ့ နေရာလွတ်ကိုတော့ ဧည့်ခန်း အဖြစ်ရော ထမင်းစားခန်းအဖြစ်နဲ့ပါ သုံးနေရတာ။ ချက်ပြုတ်တာလည်း အဲဒီမှာပဲ။ သန္တာလို အိမ်ထောင်ဖက်မျိုးကလည်း မရှိတော့ ဘဲလ်မြည်ရင် ကိုယ်တိုင်ပဲ တံခါးသွားဖွင့်ရတာပေါ့။

တံခါးချောင်းကြည့်ပေါက်ကနေ ဘယ်သူဘယ်ဝါလဲ ကြည့်ပြီး တံခါးဖွင့်ပေးလိုက်တယ်။ ရင်သွေး စာအုပ်တိုက်က ကိုဦး။

"အရင်အတိုင်းပဲ၊ အချိန်သိပ်တိကျတာပဲ"

ကျွန်တော်က ပြောလိုက်တယ်။

"ဒါက ကျွန်တော့်ရဲ့ တစ်ခုတည်းသော အားသာချက်လေဗျာ၊ ကျွန်တော် ဒါလေး ယူလာတယ်"

သူ့လက်ထဲက လေးထောင့်စက္ကူဘူးကို ကျွန်တော့်ဘက် ကမ်းပေးတယ်။ ဘူးပေါ်မှာက နာမည်ကြီး စားသောက်ဆိုင် တစ်ခုရဲ့ တံဆိပ်နဲ့။ ကျွန်တော်က အစားကောင်းကောင်း မက်တဲ့သူ ဆိုတာကို သူ သိနေတယ်လေ။

"အားနာလိုက်တာဗျာ၊ တကူးတကကြီး ဝယ်လာရတယ်လို့"

"အဲလိုလဲ မဟုတ်ပါဘူး။ အိမ်အပြန် လမ်းကြုံနေတာကို"

ကျွန်တော်က ကိုဦးကို ဧည့်ခန်း ကျဉ်းကျဉ်းလေးမှာ နေရာချပေးပြီး ရေနွေးတစ်ခွက် ငှဲ့ပေးလိုက်တယ်။ ပြီးတော့ အလုပ်ခန်းဆီ ဝင်သွားပြီး စာရေးစားပွဲပေါ်က စာမူကို ယူလာလိုက်တယ်။

"ရော့၊ ဒီမှာ၊ ရေးတာ ကောင်း မကောင်းတော့ မသိဘူးဗျာ"

"ကျွန်တော် ဖတ်ကြည့်လိုက်မယ်"

ရေနွေးကြမ်းခွက်ကို လက်က ချပြီး စာမူကို သူ လှမ်းယူလိုက်တယ်။ သူ ဖတ်နေတုန်း ကျွန်တော်က သတင်းစာကို ဟိုလှန်ဒီလှန် လုပ်နေမိတယ်။ အရင်လိုပဲ ကိုယ့်အရှေ့မှာတင် ကိုယ့်ရဲ့ စာမူကို ဖတ်နေတာ မြင်ရရင် စိတ်ထဲမှာ အီလည်လည်နဲ့။

ကိုဦး စာမူကို ဖတ်လို့ တစ်ဝက်လောက် အပြီးမှာပဲ ထမင်းစားပွဲပေါ်က တယ်လီဖုန်းသံ မြည်လာတယ်။ ကျွန်တော်က "ခဏနော်" လို့ ပြောပြီး ထသွားလိုက်တယ်။

"ဟယ်လို၊ ကျွန်တော် ပေါ်လွင်ပါ"

mgyoe.com

mgyoe.com SAMPLE BOOK

"အေး၊ ငါပါ"

သူရိန်ရဲ့ အသံ။ အသံက နည်းနည်း လေးနက်နေသလိုပဲ။

"အင်း၊ ဘာဖြစ်လို့လဲ"

ကျွန်တော့်စိတ်ထဲမှာ အခုထိ မလင်းလင်းမော် ကိစ္စကို သတိရနေတုန်းပဲ။ ဒါပေမဲ့ သူရိန်က အမေးကို တိုက်ရိုက်မဖြေဘဲ ခဏ ငြိမ်သွားပြီးမှ–

"မင်း အခု အလုပ်ရှုပ်နေလား"

"အလုပ်ရှုပ်တယ်လို့လဲ မဟုတ်ပါဘူးကွာ၊ ဧည့်သည် တစ်ယောက်ရောက်နေတာပါ"

"ဩော် .. ဘယ်အချိန်လောက် အားမလဲ"

နံရံပေါ်က တိုင်ကပ်နာရီကို တစ်ချက် ကြည့်လိုက်တယ်။ ၆ နာရီ စွန်းစွန်းပဲ ရှိသေးတာ။

"နည်းနည်းတော့ ကြာဦးမယ် ထင်တယ်၊ ဘာတွေ ဖြစ်နေတာလဲ"

"အင်း .... ဖုန်းထဲမှာ ပြောလို့တော့ အဆင်မပြေဘူး၊ ငါ မင်းကို တိုင်ပင်စရာ ရှိတယ်၊ ငါ့အိမ်ကို ခဏလာပေးလို့ ရမလား"

"ရတယ်လေ"

ကိုဦးတစ်ယောက် အိမ်ထဲမှာ ရှိနေတာကို မေ့သွားတော့မလို့။ မလင်းလင်းမော်နဲ့ ပတ်သက်နေတာလားလို့ မေးဖို့ ပါးစပ် ဟလိုက်ပြီးကာမှ သတိဝင်လာတယ်။

"၈ နာရီလောက်ဆို ရမလား"

သူက ပြောတယ်။

"ကောင်းပြီလေ"

"ဒါဆို ငါ စောင့်နေမယ်"

သူ ပြောပြီးပြီးချင်း ဖုန်းချသွားတယ်။

တယ်လီဖုန်းလက်ကိုင်ကို ချလိုက်တော့ ကိုဦးကလည်း ထိုင်ခုံကနေ အပြေးအလွှား ထရပ်ပြီး–

"ခင်ဗျားမှာ အလုပ်ရှိနေတယ် ဆိုရင်လဲ ကျွန်တော် ......"

"ရတယ်၊ ကိစ္စမရှိပါဘူး"

သူ့ကို ပြန်ထိုင်ဖို့ လက်နဲ့ အမူအရာပြရင်း–

mgyoe.com

mgyoe.com

"ကျွန်တော်တစ်ခြားလူနဲ့ ၈ နာရီ ချိန်းထားတာပါ၊ အချိန် ရှိပါသေးတယ်၊ အေးအေးဆေးဆေး ဖတ်ပါ"

"ဒီလိုလား"

သူက ကျွန်တော့် စာမူကို ကောက်ကိုင်ပြီး ဆက်ဖတ်နေတော့တယ်။ ကျွန်တော်က သတင်းစာကို ပြန်ကောက်ကိုင်ပြီး စိတ်ထဲမှာတော့ သူရိန် ဘာအကြောင်း ပြောမလို့လဲ ဆိုတာ တွေးနေမိတယ်။ မဟုတ်မှ လွဲရော မလင်းလင်းမော် ကိစ္စပဲ နေမှာ။ အဲဒါမှ မဟုတ်ရင်လည်း တခြား ဘာဖြစ်မလဲ ဆိုတာ မတွေးတတ်တော့ဘူး။

သူရိန်က (ဘေးမဲ့မြေ) ဆိုတဲ့ ဝတ္ထုတစ်အုပ် ရေးခဲ့တယ်။ ပန်းချီဆရာတစ်ယောက်ရဲ့ ဘဝအကြောင်း ရေးထားတာ။ စိတ်ကူးယဉ်ဝတ္ထုလို့ လူသိရှင်ကြား ပြောထားပေမယ့် တကယ်တမ်းကျတော့ အဲဒီစာအုပ်ထဲက အဓိက ဇာတ်ကောင်ဟာ အပြင်မှာ တကယ် ရှိခဲ့တယ်။ သူ့နာမည်က ဦးထွန်းမောင် တဲ့။

ထွန်းမောင်နဲ့ ကျွန်တော်၊ နောက်ပြီး သူရိန်နဲ့က အလယ်တန်းကျောင်း တစ်ကျောင်းမှာ တစ်ခန်းတည်း အတူတူ ကျောင်းတက်ခဲ့ကြတာလေ။ ဒါကြောင့်မို့ပဲ ထင်ပါရဲ့။ သူရိန်က ထွန်းမောင်အကြောင်း ဝတ္ထုတစ်ပုဒ်ရေးဖို့ အာသီသ ရှိခဲ့ပုံရတယ်။ ခက်တာက ထွန်းမောင် အရင်က လုပ်ခဲ့တဲ့ လူကြား မကောင်း၊ လူမြင်မတော်တဲ့ အဖြစ်အပျက်တွေကို အမှန်အတိုင်း ချရေးထား တာပဲ။ အထူးသဖြင့် ကျောင်းသားဘဝက စုတ်စုတ်ပွဲပွဲ အကျင့်ဆိုးတွေကို ငယ်ကျိုးငယ်နာ ဖော်ထားတာမျိုး။ သူရိန်က လူနာမည်တွေကို လှီးလွှဲပြီး သုံးထားတယ်ဆိုပေမယ့် စာအုပ်ထဲမှာရေးထားတဲ့ပုံစံကစိတ်ကူးယဉ်ဆန်ဆန် ပုံဖော်ထားတာမျိုးနဲ့ မတူဘူး။ နောက်ဆုံးမှာ ဇာတ်လိုက်ကို မိန်းမပျက် တစ်ယောက်က ဓားနဲ့ထိုးသတ်လို့ သေသွားတယ် ဆိုတာက အစ တကယ့် ဖြစ်ရပ်မှန်အတိုင်း တစ်ထေရာတည်းပဲ။

ဒီစာအုပ်က ရောင်းအကောင်းဆုံး Best Seller စာရင်းဝင်တယ်။ ထွန်းမောင်နဲ့ သိဖူး ခင်ဖူးတဲ့ လူတစ်ယောက်အနေနဲ့ ဒီဝတ္ထုရဲ့ ဇာတ်လိုက်က ဘယ်သူလဲ ဆိုတာ တွေးကြည့်နေစရာတောင် မလိုဘူး။ နောက်တော့ ထွန်းမောင်ရဲ့ ဆွေမျိုးတွေကပါ ဒီစာအုပ်ကို ဖတ်မိကြတယ်။

mgyoe.com

mgyoe.com

ထွန်းမောင်ရဲ့ အဖေက ခပ်စောစောကတည်းက ကွယ်လွန်ခဲ့ပြီ ဆိုတော့ အခု တရားဝင် ကန့်ကွက်နေကြတာက ထွန်းမောင်ရဲ့ အမေနဲ့ နှမ။ သူတို့ရဲ့ သဘောထားက – ဒီဝတ္ထုရဲ့ ဇာတ်လိုက်ဟာ ထွန်းမောင် ဆိုတာ သိပ်သိသာလွန်းတယ်။ ထွန်းမောင်ရဲ့ အကြောင်းကို ရေးဖို့ လူတစ်ယောက် ယောက်ကို ခွင့်ပြုခဲ့ဖူးတာမျိုး မရှိခဲ့ဘူး။ ပြီးတော့ ဒီစာအုပ်ဟာ ထွန်းမောင်ရဲ့ ကိုယ်ရေးကိုယ်တာ အတွင်းရေးကို နိူက်နိူက်ချွတ်ချွတ် ဖော်ပြထားပြီး သူ့ရဲ့ နာမည်နဲ့ ဂုဏ်သိက္ခာကို ထိခိုက်စော်ကားရာ ရောက်တယ်။ ဒါကြောင့် သူတို့ တောင်းဆိုတာက ထုတ်ထားသမျှ စာအုပ်အကုန် ပြန်သိမ်းပြီး အစအဆုံး ပြန်ပြင်ရေးပေးဖို့ .......

သူရိန်ကလည်း ပြောဖူးတယ်။ သူတို့ဘက်ကလည်း ငွေရေး ကြေးရေးလို နစ်နာကြေး အလျော်တောင်းတာမျိုးလည်း မရှိဘူး။ သူတို့က တကယ်ပဲ ဝတ္ထုကို ပြန်ပြင်ရေးပေးစေချင်ရုံ သက်သက်ပဲလား။ ဒါမှမဟုတ် တခြား ပိုနက်နဲတဲ့ အကြံအစည် ရှိဦးမလား ဆိုတာ အခုချိန်ထိ ကောက်ချက် မချနိုင်သေးဘူး။

ဖုန်းထဲက ပြောတဲ့ သူရိန်ရဲ့ အသံအနေအထားကို ခန့်မှန်းရရင်တော့ မလင်းလင်းမော်နဲ့ ညှိနှိုင်းကြတာ အောင်မြင်ပုံ မရဘူး။ ဒါပေမဲ့ ကျွန်တော့်ကို လှမ်းခေါ်တယ် ဆိုတာကကော ဘာကိစ္စလဲ။ တကယ်လို့ သူတို့ ညှိနှိုင်းတာ မအောင်မြင်ဘူး ဆိုရင်လည်း ကျွန်တော်ကကော ဘာကူညီပေးနိုင်မှာမို့လဲ။

ကျွန်တော် တောင်တွေးမြောက်တွေး တွေးနေတုန်းမှာပဲ မျက်နှာချင်း ဆိုင် ထိုင်နေတဲ့ ကိုဦးက စာမူကို ဖတ်လို့ ပြီးသွားတယ်။ ကျွန်တော့်ရဲ့ အကြည့် ကို သတင်းစာပေါ်ကနေ ခွာလိုက်တယ်။

"ရေးထားတာ မဆိုးဘူးပဲ"

ကိုဦးက ပြောတယ်။

"နွေးထွေးမှုအပြည့် ပါပြီး အတိတ်ကို လွမ်းဆွတ်သွားစေတဲ့ ခံစားမှု မျိုး ရတယ်၊ အတော် ကောင်းတယ်လို့ ကျွန်တော်ကတော့ ယူဆတာပဲ"

"ဟုတ်လား၊ခင်ဗျားဒီလိုပြောတာကြားရမှစိတ်အေးတော့တယ်ဗျာ"

ကျွန်တော့် စိတ်ထဲ ပေါ့ပါးသွားပြီး ရေနွေးကြမ်းတစ်ငုံ သောက်လိုက် တယ်။ ကိုဦး ဆိုတဲ့ ဒီလူငယ်က အပေါင်းအသင်း ဝင်ဆံ့တဲ့ လူမျိုးဆိုပေမယ့် လူတကာကို လိုက်မြှောက်ပင့် ပြောနေတတ်တဲ့ လူစားမျိုး မဟုတ်ဘူး။

mgyoe.com

ပုံမှန်ဆိုရင်တော့ ကျွန်တော်တို့ နောက်နောင် အစီအစဉ်တွေအတွက် ဆွေးနွေးတိုင်ပင်ကြမှာ ဆိုပေမယ့် အခုဟာက သူရိန်နဲ့ ချိန်းထားတာလည်း ရှိသေးတယ်လေ။ အခုပဲ ၆ နာရီခွဲ ရှိနေပြီ။

"အချိန်ရသေးရဲ့လား"

ကိုဦးက အလိုက်တသိ မေးတယ်။

"အင်း ရသေးတယ်၊ ဘယ်လိုလဲ၊ ဒီနားမှာ ထမင်းဆိုင် တစ်ဆိုင် ရှိတယ်၊ ကျွန်တော်တို့ အဲဒီကိုသွားပြီး ညစာစားရင်း ဆွေးနွေးရရင် မကောင်းဘူးလား၊ ဒီလိုဆို ကျွန်တော့်ကို ကူညီရာလဲ ရောက်တာပေါ့"

"ကောင်းတာပေါ့။ ကျွန်တော်လဲ ညစာ မစားရသေးဘူး"

သူက စာမူကို သားရေအိတ်ထဲ ထည့်လိုက်တယ်။ ကျွန်တော် အမှတ်မမှားဘူး ဆိုရင် သူ အခု အသက် (၃၀) နား နီးပြီလေ။ အခုထိ တစ်ကိုယ်တည်း လူပျိုကြီးပဲ။

ကျွန်တော့် အိမ်နဲ့ ၂ မိနစ် ၃ မိနစ် အကွာလောက်မှာ ထမင်းဆိုင် တစ်ဆိုင် ရှိတယ်။ တစ်ဖက်က ညစာစားရင်း၊ တစ်ဖက်က အလုပ်ကိစ္စ ဆွေးနွေးရင်းပေါ့။ အလုပ်ကိစ္စပြောတာ ဆိုပေမယ့် တကယ်တမ်းကတော့ စကားက ဟိုရောက် ဒီရောက်ပါပဲ။ သူနဲ့ပြောရင်း ခဏနေ သွားတွေ့မယ့်သူက စာရေးဆရာကြီး သူရိန် ဆိုတာ မထင်မှတ်ဘဲ သူ့ကို ပြောလိုက်မိတယ်။ ကိုဦးက ကြားတော့ တအံ့တသြနဲ့။

"ခင်ဗျား အဲဒီ ဆရာကြီးကို သိတာလား"

"အင်း၊ကျွန်တော်တို့ကမူလတန်း၊အလယ်တန်းတစ်ကျောင်းတည်းပဲလေ၊ နေကြတာလဲ နီးနီးလေးရယ်၊ ဒီလမ်းအတိုင်း သွားရင် ရောက်တယ်။ ကျွန်တော်တို့ ငယ်ငယ်က နေခဲ့တဲ့ အိမ်တွေကို ဖျက်ပစ်ကုန်ပြီ။ အခု ကန်ထရိုက် တိုက်တွေ ဆောက်နေလေရဲ့"

"ဒါဆို ခင်ဗျားတို့က ငယ်သူငယ်ချင်းတွေပေါ့"

"အဲဒီလိုပေါ့၊ အခုထိလဲ အဆက်အဆံ ရှိကြတုန်းလေ"

"ဩော်"

ကိုဦးက အားကျနေတဲ့ မျက်လုံးအစုံနဲ့။

"ကျွန်တော် မသိခဲ့ဘူး"

mgyoe.com

mgyoe.com

"ကျွန်တော် ခင်ဗျားတို့ စာအုပ်တိုက်အတွက် စာမူရေးပို့ခွင့် ရတာ ကလဲ သူ့ရဲ့ အဆက်အသွယ်ပဲပေါ့ဗျာ"

"အိုး ဒီလိုလား"

"အစက ခင်ဗျားတို့ စာအုပ်တိုက်ရဲ့ စာတည်းချုပ်က သူရိန်ဆီမှာ စာမူတောင်းတာလေ။ သူက လူငယ်စာပေမျိုး အားမသန်တော့ ငြင်းလိုက် တယ်။ နောက်တော့ ကျွန်တော့်ကို ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးတာပဲ။ ပြောရ ရင် သူက ကျွန်တော့် ကျေးဇူးရှင်ပဲပေါ့ဗျာ" ကြက်ကြော်တုံး တစ်တုံးကို ခက်ရင်းနဲ့ ထိုးပြီး ပါးစပ်ထဲ ထည့်ရင်း ကျွန်တော် ပြောလိုက်တယ်။

"အိုး ဒီလိုကိစ္စမျိုး ရှိတာလား"

ကိုဦးက ဆက်မေးတယ်။

"ဦးပေါ်ကကော လူကြီးတွေအတွက် ရည်ရွယ်တဲ့ ဝတ္ထုမျိုးတွေ မရေး ချင်ဘူးလား"

"အရမ်းရေးချင်တာပေါ့၊ အခွင့်အရေး ရရင်လေ"

ဒါ ကျွန်တော့်ရဲ့ ရင်တွင်းစကားပါ။

၇ နာရီခွဲမှာ ကျွန်တော်တို့ စားသောက်ဆိုင်ထဲကနေ ထွက်လာပြီး ကားမှတ်တိုင်ဆီ လမ်းလျှောက်သွားကြတယ်။ ကိုဦး စီးရမယ့် ဘတ်စ်ကားပေါ် သူ တက်သွားပြီး သိပ်မစောင့်လိုက်ရဘူး။ ကျွန်တော့်ရဲ့ ဘတ်စ်ကားလည်း ရောက်လာတယ်။

ကျွန်တော် လူခေါ်ခေါင်းလောင်းကို နှိပ်ပြီး တော်တော်ကြာတဲ့အထိ ဘာသံမှ တုံ့ပြန်သံ မကြားရဘူး။

ကျွန်တော်ပဲ အမှတ်မှားလေသလား။ သူရိန် ဖုန်းထဲမှာ ပြောတဲ့ ၈ နာရီ ဆိုတာက "သူ့အိမ်" အရောက်လို့ ဆိုလိုတာ မဟုတ်လို့လား။

ကျွန်တော် လာလမ်းအတိုင်း လှည့်ပြန်လာရင်း မနီးမဝေးမှာ ပန်းခြံလေး တစ်ခု ရှိတယ်။ ကျွန်တော် အိတ်ကပ်ထဲက အကြွေကို နှိုက်ရင်း ပန်းခြံဘေးက အများပြော ဖုန်းရုံဆီ လျှောက်သွားလိုက်တယ်။

တော်ဝင်ဟိုတယ်ရဲ့ ဖုန်းနံပါတ်ကို နှိပ်လိုက်ပြီး ဦးသူရိန်နဲ့ စကားပြောချင်ကြောင်း ပြောလိုက်တော့ ဧည့်ကြိုက ချက်ချင်းပဲ ဖုန်းလွှဲပေး တယ်။

mgyoe.com

"ဟယ်လို၊ ဟုတ်ကဲ့ ပြောပါရှင်"

သန္တာရဲ့အသံ။

"ကျွန်တော် ပေါ်လွင်ပါ၊ သူရိန် ရှိလား"

"ဟင့်အင်း၊ သူ ဒီကိုမရောက်သေးဘူး၊ အိမ်မှာပဲ ရှိလိမ့်မယ်၊ သူ့အလုပ်က မပြတ်သေးဘူး"

"သူ အိမ်မှာ မရှိဘူး ထင်တယ် ...."

ကျွန်တော် သူ့ကို ပြောပြလိုက်တယ်။ သူ့အိမ်က တစ်အိမ်လုံး မည်းမှောင် နေတာပဲ။ အထဲမှာ လူရှိပုံ မရဘူး။

"အထူးအဆန်းပဲ"

သူက တွေးတွေးဆဆနဲ့–

"သူ ကျွန်မကို ပြောတာက ညဉ့်နက်လောက်မှ ဟိုတယ် ပြန်လာနိုင်မယ်တဲ့ လေ"

"ခဏ အပြင်ထွက် သွားတာများလား"

"မဖြစ်နိုင်ဘူး ထင်တယ်"

သန္တာက စဉ်းစားနေပုံ ရတယ်။ ခဏ ငြိမ်သွားပြီး–

"ဒီလို လုပ်ပါလား၊ ကျွန်မ အဲဒီကို လိုက်သွားလိုက်မယ်။ နောက် မိနစ် ၄၀ လောက်ဆို ရောက်မယ်၊ အဲ ... ဦးပေါ်က အခု ဘယ်မှာလဲ"

ကျွန်တော် ရောက်နေတဲ့ နေရာကို ပြောပြပြီး အနီးအနားက ကော်ဖီဆိုင်တစ်ဆိုင်မှာ ခဏ အချိန်ဖြုန်းနေလိုက်မယ့်အကြောင်း ပြောပြီးတာနဲ့ ဖုန်းချလိုက်တယ်။

ဖုန်းရုံထဲက ထွက်ပြီး ကော်ဖီဆိုင် မဝင်ခင် သူရိန်ရဲ့ အိမ်ဘက် တစ်ခေါက် ပတ်ကြည့်လိုက်သေးတယ်။ စောစောက အတိုင်းပဲ။ မီးတွေအကုန် ပိတ်ထားပြီး ကားပါကင်မှာတော့ သူ့ရဲ့ BMW ကား ရပ်ထားတယ်။ တစ်ခုခု တော့ တစ်ခုခုပဲလို့ တွေးနေမိတယ်။

ဒီကော်ဖီဆိုင်ကို သူရိန်လည်း စိတ်အနား ပေးချင်ရင် မကြာမကြာ လာထိုင်တတ်တယ်။ ကျွန်တော် ရောက်ဖူးတာလည်း မရေမတွက်နိုင်အောင်ပဲ။ ဆိုင်ရှင်က ကျွန်တော့်ကို မှတ်မိနေတယ်။ ဒီနေ့ ဘာဖြစ်လို့ သူရိန် မပါတာလဲ လို့တောင် မေးနေသေးတယ်။ သူနဲ့ ကျွန်တော် ချိန်းထားတာ၊ ဒါပေမဲ့ သူ အိမ်မှာ မရှိဘူးလို့ ကျွန်တော် ပြောပြလိုက်တယ်။

mgyoe.com

ဆိုင်ရှင်နဲ့ ဘောလုံးပွဲအကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း ပြောရင်းနဲ့ပဲ မိနစ်သုံးဆယ်လောက် ကုန်သွားတယ်။ ကျွန်တော် ပိုက်ဆံရှင်းလိုက်ပြီး ခပ်သွက်သွက်ကလေး သူရိန့်အိမ်ဘက်ဆီ လမ်းလျှောက်သွားတယ်။

အိမ်ရှေ့ အရောက်မှာပဲ သန္တာလည်း အငှားကားပေါ်က ဆင်းလာတာ မြင်ရတယ်။ ကျွန်တော် လှမ်းနှုတ်ဆက်တော့ သူက အပြုံးမျက်နှာနဲ့ တုံ့ပြန်တယ်။ ဒါပေမဲ့ အိမ်ခန်းဘက် လှမ်းအကြည့်မှာတော့ သူ့မျက်နှာက ရုတ်တရက် တည်သွားပြီး စိတ်ပူပန်နေကြောင်း ပေါ်လွင်နေတယ်။

"တကယ့်ကို မှောင်မည်းနေတာပဲ"

သူက ပြောတယ်။

"ပြန်မလာသေးဘူး ထင်တယ်"

"ဒါပေမဲ့ သူ အပြင်ထွက်စရာ အကြောင်း မရှိဘူးလေ"

သူ လက်ကိုင်သားရေအိတ်ထဲက သော့တွဲကို ဆွဲထုတ်ပြီး ခြံဝင်းတံခါးဆီ လျှောက်သွားတယ်။ ကျွန်တော်လည်း သူ့အနောက်က ကပ်လျက်။

အိမ်တံခါးကလည်း သော့ခတ်ထားတယ်။ သန္တာက တံခါးဖွင့်ပြီး အိမ်ခန်းထဲ ဝင်သွားတယ်။ ပြီးတော့ အိမ်တွင်းက မီးလုံးတွေ တစ်ခုစီ တစ်ခုစီကို ဖွင့်လိုက်တယ်။ အိမ်ထဲမှာ လေထုက အေးစက်စက်၊ ဘယ်သူမှ မရှိသလို။

သန္တာက ဧည့်ခန်းကို ဖြတ်ပြီး သူရိန်ရဲ့ အလုပ်ခန်းဆီ လှမ်းသွားပြီး တံခါးသော့ ဘုသီးကို လှည့်ကြည့်တယ်။ ပိတ်လျက်သား။

"သူ အပြင်ထွက်ရင် သော့ခတ်သွားတတ်လား"

ကျွန်တော် မေးလိုက်တယ်။

သူ တံခါးသော့ကို ရွေးနေရင်း–

"အခုတစ်လော သူ တံခါးသော့ ခတ်လေ့ မရှိဘူး"

သော့ကို လှည့်ဖွင့်အပြီး တံခါးရွက်ကို တွန်းဖွင့်လိုက်တော့ အလုပ်ခန်းထဲမှာလည်း မီးထွန်းမထားဘူး။ လုံးဝ မှောင်မည်းနေတာတော့ မဟုတ်ဘူး။ ကွန်ပျူတာက ပလပ်ထိုးထားတော့ ကွန်ပျူတာစခရင်က လင်းနေတယ်။

သန္တာက နံရံကို လက်နဲ့စမ်းရင်း မီးချောင်းခလုတ်ကို နှိပ်လိုက်တယ်။

အခန်းရဲ့ အလယ်မှာ သူရိန်ရဲ့ ခြေထောက်က ကျွန်တော်တို့ဘက် ဆင်းထားရင်း ကြမ်းပြင်မှာ လဲနေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


စက္ကန့်အနည်းငယ် ငြိမ်နေပြီး သန္တာက ဘာအသံမှ မထွက်ဘဲ အရှေ့ကို တိုးသွားတယ်။ လမ်းတစ်ဝက်အရောက်မှာ သူ ရုတ်တရက် ရပ်လိုက်တယ်။ လက်နှစ်ဖက်နဲ့ ပါးစပ်ကို ပိတ်လျက် တစ်ကိုယ်လုံး တောင့်တင်းပြီး ဆွံ့အ,နေခဲ့တယ်။

ကျွန်တော်လည်း အူတိအူကြောင်နဲ့ ရှေ့တိုးသွားတယ်။ သူရိန်က ပက်လက်။ ခေါင်းက တစ်ဖက်ကို လည်နေပြီး ဘယ်ဘက်ပါးပြင်က အထင်းသား။ သူ့မျက်လုံးတွေက တစ်နေရာကို ပြူးကြောင်ကြောင် စိုက်ကြည့်လျက်။

"သူ သေနေပြီ"

ကျွန်တော် ပြောလိုက်တယ်။

သန္တာ့တစ်ကိုယ်လုံး တဖြည်းဖြည်း ပျော့ခွေသွားပြီး ကြမ်းပြင်ပေါ်အကျမှာပဲ သူ့ရဲ့ ရင်တွင်း နက်ရှိုင်းတဲ့ နေရာက ကြေကွဲဆို့နင့်သံတွေ ထွက်ပေါ်လာတော့တယ်။

■

မှုခင်းရဲ့ဌာနက စုံထောက်တွေ သူရိန်ရဲ့အခန်း အတွင်း ထောက်လှမ်းစစ်ဆေးနေချိန်မှာ ကျွန်တော်နဲ့ သန္တာက ဧည့်ခန်းထဲ ထိုင်ပြီး စောင့်နေကြရတယ်။ ဧည့်ခန်းလို့ ဆိုရပေမယ့် စားပွဲ၊ ထိုင်ခုံတွေလည်း မရှိတော့ပါဘူး။ ကျွန်တော်က သတင်းစာတချို့ ကြမ်းပြင်မှာ ခင်းပေးပြီး သန္တာ့ကို ထိုင်ခိုင်းထားရင်း ကျွန်တော်ကတော့ ဧည့်ခန်းအတွင်းမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိတယ်။ အခင်းဖြစ်ပွားတဲ့ အခန်းတွင်းက သက်သေ အထောက်အထားတွေကို လေ့လာစုစည်းနေတဲ့ စုံထောက်တွေကလည်း ထွက်မလာကြသေးဘူး။ သန္တာက တစ်ချိန်လုံး ငိုနေတယ်။ ကျွန်တော် လက်ပတ်နာရီကို ငုံ့ကြည့်လိုက်တော့ ည ၁၀ နာရီခွဲ ရှိပြီ။

တံခါးခေါက်သံ တစ်ချက် ကြားရပြီး ဧည့်ခန်းတံခါး ပွင့်လာတယ်။ ရဲအရာရှိတစ်ယောက် အထဲဝင်လာတယ်။ အသက် ၅၀ ပတ်ဝန်းကျင်၊ တည်ငြိမ်အေးဆေးတဲ့ ပုံပန်းသဏ္ဌာန်နဲ့။ ကျွန်တော်တို့ကို ဧည့်ခန်းထဲမှာ ထိုင်စောင့်နေဖို့ ပြောခဲ့တာလည်း သူပဲ။ ကြည့်ရတာ ဒီအမှုကို ဦးဆောင်ပြီး စစ်ဆေးရမယ့် ရဲအရာရှိ ထင်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


"ကျွန်တော် ခင်ဗျားကို မေးစရာ နည်းနည်း ရှိတယ်။ ရမလား" အရာရှိက သန္တာ့ကို မျက်စိတစ်ချက် ဝေ့ကြည့်ရင်း ကျွန်တော့်ကို လှမ်းပြောတယ်။

"ကိစ္စမရှိပါဘူး ....."

"ကျွန်မလဲ ရပါတယ်"

သန္တာက လက်ကိုင်ပဝါနဲ့ သူ့မျက်စိထောင့်ကို တစ်ချက် တို့ရင်း ပြောတယ်။ သူ့အသံက အနည်းငယ် တုန်ယင်နေပေမယ့် တိကျပြတ်သားမှု အပြည့်နဲ့။ ရုတ်တရက် ဆိုသလို သူရိန် နေ့ခင်းက ပြောခဲ့တာကို သတိရမိတယ်။ သန္တာက သိပ် စိတ်ဓာတ်ခိုင်မာတယ် ဆိုတဲ့ အကြောင်းပေါ့။

"ဒါဆို ကောင်းပြီလေ"

ဒါနဲ့ အရာရှိလည်း မတ်တတ်ရပ်ရင်းနဲ့ပဲ ရုပ်အလောင်းကို ဘယ်လို ဘယ်လို စတွေ့ခဲ့ကြသလဲ ဆိုတဲ့ ဖြစ်စဉ်အစအဆုံးကို မေးမြန်းနေတော့တယ်။ ပြောရင်း ပြောရင်း ကျွန်တော့် အနေနဲ့ မလင်းလင်းမော် အကြောင်း ထည့်မပြော လို့ မဖြစ်တော့ဘူး။

"ဦးပေါ်လွင်ဆီ ဦးသူရိန် ဘယ်အချိန်လောက်က ဖုန်းခေါ်တာလဲ"

"ကျွန်တော်ထင်တယ်၊ ၆ နာရီနောက်ပိုင်း ဖြစ်မယ်"

"ဖုန်းထဲမှာ မလင်းလင်းမော် အကြောင်းကို ဦးသူရိန်ဆီက ဘာများ ကြားခဲ့ရသေးလဲ"

"ဟင့်အင်း၊ ကျွန်တော်နဲ့ ဆွေးနွေးစရာ ရှိတယ်လို့ပဲ ပြောတာ"

"ဒါဆို တခြားအကြောင်းလဲ ဖြစ်နိုင်တာပေါ့"

"ဖြစ်နိုင်တာပေါ့"

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာများ စဉ်းစားမိသလဲ"

"မရှိပါဘူး"

အရာရှိက ခေါင်းတစ်ချက် ညိတ်ရင်း သန္တာ့ဘက် မျက်နှာလှည့်ပြီး

"မလင်းလင်းမော်က ဘယ်အချိန်လောက် ပြန်သွားတာလဲ"

"၅ နာရီနောက်ပိုင်း ဖြစ်မယ်"

"သူ ပြန်သွားတော့ ဒေါ်သန္တာရဲ့ အမျိုးသားနဲ့ စကားပြောဖြစ်သေး လား"

"ကျွန်မတို့ တစ်ခဏတော့ ပြောဖြစ်ကြတယ်"

mgyoe.com

mgpe.com

"ဒေါ်သန္တာရဲ့ အမျိုးသားကို ကြည့်ရတာ ဘယ်လိုနေသလဲ"

"မလင်းလင်းမော်နဲ့ ညှိနှိုင်းကြတာ အဆင်မပြေတော့ ကျွန်မ အမျိုးသားက စိတ်ပျက်နေတာ သိသာပါတယ်၊ ဒါပေမဲ့ သူက ကျွန်မကို စိတ်မပူဖို့ ပြောတယ်"

"အဲဒီနောက် ဒေါ်သန္တာ အိမ်က ထွက်ပြီး ဟိုတယ်ကို ပြန်ခဲ့တယ်။ အဲဒီလိုလား"

"ဟုတ်ပါတယ်"

"ခင်ဗျားတို့က ဒီနေ့နဲ့ မနက်ဖြန်၊ နှစ်ရက်စာအတွက် တော်ဝင် ဟိုတယ်မှာ အခန်းယူထားပြီး သန်ဘက်ခါမှ ကနေဒါကို ခရီးထွက်မယ်။ ဒါပေမဲ့ ခင်ဗျား အမျိုးသားက အလုပ်တွေ မပြီးပြတ်သေးတာကြောင့် တစ်ယောက်တည်း အိမ်မှာ နေခဲ့တယ် ...."

အရာရှိက သူ့မှတ်စုစာအုပ်ကို ကြည့်ရင်း ပြောနေတယ်။ နောက် ခေါင်းထောင်လာပြီး–

"ဒီကိစ္စကို သိတဲ့သူ ဘယ်နှယောက်လောက် ရှိသလဲ"

"ကျွန်မရယ်၊ ပြီးတော့ ....."

သန္တာက ကျွန်တော့်ကို လှမ်းကြည့်တယ်။

"ကျွန်တော်လဲ သိတာပေါ့၊ အဲဒီအပြင် သော်တာ မဂ္ဂဇင်းတိုက်က လူ"

သူရိန် မပြီးပြတ်သေးတဲ့ အလုပ် ဆိုတာ သော်တာ မဂ္ဂဇင်းတိုက် အတွက် စာမူပေးဖို့ဖြစ်ကြောင်း ရဲအရာရှိကို ရှင်းပြလိုက်တယ်။

"ဒါပေမဲ့ ဒီအချက်ကလေး တစ်ခုတည်းနဲ့ တရားခံအဖြစ် သတ်မှတ်ဖို့ ဆိုတာ ......"

"အင်း၊ ကျွန်တော် သိပါတယ်၊ ဒါက အမှုသွား အမှုလာ နားလည်ဖို့ ပုံစံချကြည့်ရုံပါ"

အရာရှိရဲ့ မျက်နှာက တင်းမာမှု အနည်းအကျဉ်း လျော့နည်း သွားသလိုပဲ။

နောက်တော့ သူက သန္တာ့ကို မေးတယ်။ ခြံပတ်ဝန်းကျင်မှာ မသင်္ကာ စရာ လူတွေများ မြင်ဖူး ကြုံဖူးလေမလားပေါ့။ သန္တာကတော့ သတိမထားမိ ကြောင်း ဖြေတယ်။ နေ့ခင်းက ဝိတောက်ပင်အောက်မှာ တွေ့ခဲ့ရတဲ့ အမျိုးသမီး အကြောင်းကို ပြောသင့်၊ မပြောသင့် ချီတုံချတုံ ဖြစ်နေပြီးမှ မပြောတော့ပါဘူး

mgpe.com

mgyoe.com SAMPLE BOOK


လေလို့ ဆုံးဖြတ်လိုက်တယ်။ ကြောင်တစ်ကောင် အသတ်ခံရလို့ လူသတ်မှု ဖြစ်တယ် ဆိုတာမျိုးကလည်း သဘာဝမကျဘူး မဟုတ်လား။

စစ်ဆေး မေးမြန်းလို့ အားရသွားတဲ့အခါမှာ ရဲအရာရှိက သူ့လက်အောက် ရဲတစ်ယောက်ကို ကျွန်တော့်အိမ် လိုက်ပို့ပေးဖို့ ခိုင်းထားကြောင်း ပြောပြတယ်။ ကျွန်တော်က သန္တာနဲ့အတူ အဖော်လုပ်ပေးလိုတဲ့ဆန္ဒ ရှိပေမယ့် သန္တာရဲ့ မိဘတွေဆီ ဖုန်းဆက်ထားပြီးလို့ မကြာခင် သူ့မိဘတွေက သန္တာ့ကို လာခေါ်ကြမယ့်အကြောင်း ရဲအရာရှိက ရှင်းပြတယ်။

သူရိန်ရဲ့ ရုပ်အလောင်း တွေ့ခါစက ဖြစ်ပေါ်ခဲ့တဲ့ တုန်လှုပ် ချောက်ချားမှုတွေ တဖြည်းဖြည်း လျော့နည်းသွားတော့မှ လူက ပင်ပန်းရကောင်းမှန်း သတိထားမိတယ်။ ဒီလို ခံစားမှု၊ ဒီလိုအချိန်မျိုးမှာ တစ်ယောက်တည်း ဘတ်စ်ကားစီးပြီး ပြန်ရမယ်ဆိုတာ တွေးကြောက်မိတော့ အိမ်လိုက် ပို့မယ့် အရာရှိရဲ့ အစီအစဉ်ကို လက်ခံပြီးလျက်သား ဖြစ်သွားတယ်။

အခန်းပြင် ထွက်လာလိုက်တော့ အိမ်အတွင်း နေရာအနှံ့မှာပဲ မှုခင်းစစ် ရဲတွေ ဟိုသွား ဒီသွားနဲ့ အလုပ်များနေတာ တွေ့ရတယ်။ အလုပ်ခန်း တံခါးပေါက်က ဖွင့်လျက်။ အထဲကိုတော့ လှမ်းမမြင်ရဘူး။ ရုပ်အလောင်းလည်း အခုလောက်ဆို သယ်သွားလောက်ရောပေါ့။

ဝတ်စုံပြည့် ဝတ်ဆင်ထားတဲ့ ရဲသားငယ်တစ်ယောက်က ကျွန်တော့်ကို လာနှုတ်ဆက်ပြီး အိမ်ရှေ့မှာ ရပ်ထားတဲ့ ရဲကားဆီ ကျွန်တော့်ကို ခေါ်သွားတယ်။ တစ်သက်နဲ့ တစ်ကိုယ် ရဲကားကို တစ်ခါမှ မစီးဖူးသေးပါလား လို့တောင် တွေးနေမိတယ်။

ရဲကားရဲ့ ဘေးနားမှာ အရပ်မြင့်မြင့်နဲ့ လူတစ်ယောက် ရပ်နေတယ်။ ခပ်မှောင်မှောင်ဆိုတော့ ဘယ်သူဘယ်ဝါ သဲသဲကွဲကွဲ မမြင်ရဘူး။ သူက ကျွန်တော့်ကို လှမ်းပြောတယ်။

"ဆရာပေါ်လွင်၊ မတွေ့တာ ကြာပြီနော်"

"ဟမ် ...."

တစ်ဖက်လူရဲ့ မျက်နှာကို အသေအချာ မြင်ချင်လို့ ကျွန်တော့် ခြေလှမ်းတွေ ရပ်ပစ်လိုက်တယ်။

mgyoe.com

mgyoe.com

အဲဒီလူကလည်း အရှေ့ကို တိုးလာပြီး သူ့မျက်နှာကလည်း အလင်းထဲ ရောက်လာတယ်။ မျက်လုံးနဲ့ မျက်ခုံးက ကပ်နေပြီး ကြည့်ရတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့် ရှိနေတဲ့ ရုပ်မျိုး။

ဒီမျက်နှာပေါက်မျိုး ကျွန်တော် အရင်က မြင်ဖူးတယ်။ မှတ်ဉာဏ်ထဲ တဖြည်းဖြည်း လင်းလက်လာပြီး–

"ဪ ... မင်းကိုး"

"မှတ်မိပြီပေါ့ ..."

"မှတ်မိပြီ။ မင်းက ..."

စိတ်ထဲက သူ့နာမည်ကို သေချာအောင် ရေရွတ်ကြည့်ပြီးမှ–

"ဝေဖြိုး .... ဟုတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော် ဝေဖြိုးပါ"

သူက ကျွန်တော့် အနား ကပ်လာပြီး တရိုတသေနဲ့ လက်ဆွဲနှုတ်ဆက်ကြရင်း–

"ဆရာ့ ကျေးဇူးတွေ မမေ့ပါဘူး"

"မလိုပါဘူးကွာ" လို့ ပြန်ပြောရင်း အတိတ်ဆီ ပြန်တွေးနေမိတယ်။ ဆယ်နှစ်လောက် ရှိရောပေါ့။ မဟုတ်ဘူး၊ အဲလောက် ဘယ်ကမလဲ။ သူ့ကို ကြည့်ရတာ အရင်ကထက် ပိုပြီး ထက်မြက်နေသလို၊ စိတ်ဓာတ် တက်ကြွနေသလို။ "မင်း အလုပ်ထွက်ပြီး ရဲထဲ ဝင်သွားတယ်လို့ ကြားလိုက်တယ်။ အခုလို ပြန်တွေ့ရမယ်လို့ ထင်တောင် ထင်မထားဘူး"

"ကျွန်တော်လဲ အံ့သြနေတာ၊ ရုပ်အလောင်း စတွေ့တဲ့သူရဲ့ နာမည်စာရင်းကို ကျွန်တော် ဖတ်မိတော့ နာမည်ချင်းဆင်တူတဲ့ တခြားသူပဲ နေမှာလို့ တွေးနေမိတာ၊ လူချင်းတွေ့မှပဲ သေချာတော့တယ်"

"ဟုတ်ပ။ နာမည်တူမရှား လူတူမရှား မဟုတ်လား၊ ဒါပေမဲ့ ..."

ကျွန်တော် ခေါင်းတခါခါ လုပ်ရင်း–

"တိုက်လဲ တိုက်ဆိုင်လွန်းပါတယ်ကွာ"

"ကျွန်တော်တို့ ကားပေါ်ရောက်မှ ဆက်ပြောရအောင်လား။ ကျွန်တော် လိုက်ပို့ပေးမှာ" ပြောပြီး ကျွန်တော့်အတွက် ကားတံခါး ဖွင့်ပေးတယ်။ စောစောက ရဲဝတ်စုံနဲ့ ရဲသားကလည်း ကားမောင်းဖို့ ကားထဲ ဝင်ထိုင်တယ်။

mgyoe.com

ဆရာဝေဖြိုးက ကျွန်တော် အရင် ကျောင်းဆရာ လုပ်ခဲ့ဖူးတဲ့ ကျောင်းမှာပဲ လူမှုရေး ဘာသာရပ်သင်တဲ့ ဆရာ လုပ်ဖူးတယ်။ တက္ကသိုလ်ပြီးပြီးချင်း အတွေ့အကြုံမရှိလို့ ကျောင်းဆရာ ဝင်လုပ်ကြတဲ့ လူငယ်တွေလိုပေါ့။ ဆရာသစ်တွေရဲ့ သဘောသဘာဝအတိုင်းပဲ သူက သူ့အလုပ်အပေါ် သိပ်တန်ဖိုးထားတယ်။ စားသိုင်းကို ကောင်းကောင်းဆော့တတ်ပြီး ကျောင်းမှာ သူ စားသိုင်းဆော့တာ မြင်ရလို့ ကျိတ်ကြွေနေကြတဲ့ သူတွေက အများကြီး။ ပြောရရင် ကျောင်းမှာ သူက လူချစ်လူခင်ပေါပြီး မျက်နှာပန်းပွင့်တဲ့ အစားထဲကပေါ့။

နှစ်နှစ်လောက် ဆရာလုပ်ပြီး အလုပ်ထွက်သွားတာ သူ့မှာ အကြောင်းရင်း တချို့တော့ ရှိမှာပေါ့။ ကျွန်တော် နားလည်သလောက်တော့ သူ့အပြစ်လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ သူဟာ ဆရာကောင်း ဖြစ်လာနိုင်ပါ့မလား ဆိုတာကိုတော့ ကျွန်တော် သံသယရှိခဲ့တာ အမှန်ပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သင်ကြားရေး လောကထဲကနေ သူ ထွက်သွားတာက သူ့အတွက် ရှေ့မှာ တက်လမ်းတွေ အများကြီးနဲ့ ပိုပြီး လုပ်နိုင်ကိုင်နိုင်မယ်လို့ ယုံကြည်မိတယ်။

"အခု ဆရာ ဘယ်ကျောင်းမှာ စာသင်နေလဲ" ကားစ မောင်းထွက်ပြီး မကြာခင်မှာပဲ ဆရာဝေဖြိုးက ကျွန်တော့်အကြောင်း စမေးတယ်။ အခုချိန်ထိ ဆရာဝေဖြိုးလို့ ခေါ်နေရင် သဘာဝ မကျတော့ဘူး။ အခုတော့ ရဲဘော်ဝေဖြိုးလို့ သုံးမှကောင်းမယ်။

ကျွန်တော် ခေါင်းယမ်းလိုက်ပြီး–

"ငါ နောက်ဆုံး ဆရာလုပ်ခဲ့တဲ့ ကျောင်းကတော့ အ.လ.က (၃) မှာ။ ပြီးခဲ့တဲ့ မတ်လကပဲ အလုပ်ထွက်လိုက်ပြီလေ"

ရဲဘော်ဝေဖြိုးက အံ့အားသင့်သွားတဲ့ပုံ။

"ဗျာ၊ ဒါဆို အခု ဘာလုပ်နေလဲ"

"အင်း ပြောရမှာတော့ ရှက်စရာပါကွာ။ အခုတော့ ကလေးတွေ ဖတ်ဖို့ စာတိုပေတိုလေးတွေ ရေးနေတယ်"

"ဩော် ဒါကြောင့်ကိုး"

သူက ခေါင်းတညိတ်ညိတ်နဲ့။

"ဒါကြောင့်လဲ ဦးသူရိန်နဲ့ ရင်းနှီးနေတာ ထင်တယ်"

mgyoe.com

mgyoe.com

"ဟင့်အင်း၊ အဲဒီလိုမျိုးလဲ မဟုတ်ဘူး"

ကျွန်တော်နဲ့ သူရိန်က ငယ်သူငယ်ချင်းတွေ ဖြစ်ကြောင်း သူ့ကို ရှင်းပြလိုက်တယ်။ သူရိန်ကြောင့်ပဲ အခု အလုပ်သစ်ကို ရထားတဲ့ အကြောင်း ရောပေါ့။ ရဲဘော်ဝေဖြိုးက သဘောပေါက်သွားတဲ့ ပုံမျိုးနဲ့ ခေါင်းညိတ်ရင်း နားထောင်နေတယ်။ စောစောက ရဲအရာရှိက သူ့ကို ဒီအကြောင်း ဘာမှ ပြောမထားဘဲကိုး။ ဒီကိစ္စတွေကို ကျွန်တော် အဲဒီအရာရှိဆီ ပြောထားပြီး သားလေ။

"ဒါဆို ဒီနှစ်ပိုင်းမှာ ကျောင်းစာသင်ရင်း စာရေးရင်း ဆိုပါတော့"

"အဲဒီလို ပြောလို့ ရပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်က တစ်နှစ်လုံးမှ စာမျက်နှာ သုံးဆယ်လောက် ရေးဖြစ်တာ၊ တစ်နေ့နေ့တော့ တကယ့် စာရေးဆရာ တစ်ယောက် ဖြစ်လာရမယ်လို့ ရည်မှန်းထားတာပဲ၊ ဒါနဲ့ပဲ စာသင်တဲ့ အလုပ်က ထွက်ပစ်လိုက်တာ"

"အဲ့လိုလား။ နည်းတဲ့ သတ္တိလားဗျာ"

ရဲဘော်ဝေဖြိုးက အထင်ကြီး နေပုံပဲ။ သူ အရင်က ချခဲ့တဲ့ ဆုံးဖြတ်ချက်နဲ့ နှိုင်းယှဉ်ပြီး ကြည့်နေခဲ့မယ်လို့ ကျွန်တော် ထင်တယ်။ အသက် ၂၀ ကျော် လူငယ်တစ်ယောက်က အလုပ်ပြောင်းဖို့ ဆုံးဖြတ်ရတာထက် အိုကြီးအိုမ အသက် ၄၀ အရွယ် လူကြီးတစ်ယောက်က ဆုံးဖြတ်ရတယ် ဆိုတာ ဘယ်လောက် ခက်ခဲလိုက်မလဲ။ ဒါကို သူ ကိုယ်ချင်းစာမိပုံ ရတယ်။

"ဦးသူရိန်က ဘယ်လို စာမျိုးတွေ ရေးတာလဲ"

ကျွန်တော် သူ့မျက်နှာကို သေချာကြည့်ရင်း–

"မင်း သူရိန်ကို မသိဘူးလား"

"ဆောရီးဗျာ ... နာမည်တော့ ကြားဖူးနေတာပဲ။ သူ့စာတော့ မဖတ်ဖူး ဘူး။ ပြောရရင် အခုတစ်လော စာလဲ မဖတ်ဖြစ်ဘူး"

"မအားလို့ နေမှာပါ"

"မဟုတ်ဘူးဗျ။ ကျွန်တော်ကိုက အပျင်းကြီးနေတာ။ တစ်လကို အနည်းဆုံး စာအုပ် နှစ်အုပ် သုံးအုပ်တော့ ဖတ်သင့်တယ် ထင်တယ်"

သူ ခေါင်းတယမ်းယမ်းနဲ့။ တစ်လကို အနည်းဆုံး စာအုပ် နှစ်အုပ် သုံးအုပ် ဖတ်သင့်တယ် ဆိုတာ ကျွန်တော် ကျောင်းဆရာဘဝက ပြောနေကျ

mgyoe.com

mgyoe.com


လက်သုံးစကားလေ။ ကျွန်တော့် ပြောစကားကို သူက အမှတ်ရပြီး တမင်သက်သက် စကားထဲ ထည့်ပြောလေသလားတော့ မသိဘူး။

ကျွန်တော် သူရိန်ရဲ့ အကြောင်းကို ခပ်ပါးပါးကလေး ရှင်းပြလိုက်တယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကမှ စာပေလောကထဲ ဝင်လာပြီး ဘယ်လို ဘယ်လို စာပေဆုတွေ ရခဲ့တဲ့ အကြောင်း။ လက်ရှိအချိန် ဒီနိုင်ငံမှာ ရောင်းအားအကောင်းဆုံး စာရေးဆရာတစ်ယောက် ဖြစ်ကြောင်း။ သူရေးတဲ့ စာအုပ်အမျိုးအစားက ကဏ္ဍစုံပြီး ပညာရပ်ပိုင်းဆိုင်ရာ စာပေတွေကနေ အပျော်ဖတ်တွေအထိ အစုံရှိကြောင်း။

"ကျွန်တော် ဖတ်လို့ရမဲ့ စာအုပ်မျိုး ရှိလား၊ ဥပမာ စုံထောက်ဝတ္ထုလိုမျိုးပေါ့"

"အဲဒီလို စာအုပ်မျိုးက နည်းနည်း ရှားတယ်။ ရှိတော့ ရှိတယ်"

ကျွန်တော် ပြန်ဖြေလိုက်တယ်။

"စာအုပ်နာမည် ပြောလို့ ရမလား"

ဒါနဲ့ ကျွန်တော်လည်း (ပိုးစုန်းကြူး) ဆိုတဲ့ ဝတ္ထုစာအုပ် နာမည်ကို ပြောပြလိုက်တယ်။ အဲဒီစာအုပ် ဖတ်ဖူးတာ အတော်ကြာခဲ့ပြီ။ ဇာတ်လမ်းဇာတ်ကွက်ကို မမှတ်မိတော့ဘူး။ ဒါပေမဲ့ ဝတ္ထုထဲမှာ လူသတ်မှုတစ်ခု အကြောင်း ရေးထားတာ ပါတယ် ဆိုတာတော့ လွဲစရာမရှိဘူး။

"ဦးသူရိန်က ဘာဖြစ်လို့ ကနေဒါကို ပြောင်းသွားချင်ရတာလဲ"

"အကြောင်းအရင်း အများကြီး ရှိမှာပါပဲ။ ကြည့်ရတာ ပင်ပန်းလာပြီ ထင်ပါတယ်။ ဟိုးအရင်က သူ ပြောဖူးတယ်။ နိုင်ငံခြားမှာ အချိန်ကြာကြာ အေးအေးဆေးဆေး သွားအနားယူမယ် ဆိုတာ။ ဗန်ကူးဗား နေဖို့ ရွေးတာကတော့ သန္တာ"

"ဆရာပြောတဲ့ သန္တာ ဆိုတာက သူ့ဇနီး ထင်တယ်။ တော်တော်ငယ်သေးတာပဲ"

"ပြီးခဲ့တဲ့ လကမှ လက်ထပ်ထားကြတာ။ ဒါက ဒုတိယ အိမ်ထောင်ပေါ့"

"ဪ ... ကွာရှင်းထားတာလား"

mgyoe.com

"မဟုတ်ဘူး၊ ပထမဇနီးက ကားတိုက်ပြီး ဆုံးသွားတာ၊ ငါးနှစ် ရှိပြီ"

အခုလေးတင် သေသွားတဲ့ လူတစ်ယောက် အကြောင်းကို ပြောနေတာပါလားလို့ သတိဝင်လာတော့ ကျွန်တော့် စိတ်ထဲ နောက်ကျိကျိ ဖြစ်သွားတယ်။ သူ ကျွန်တော့်ကို ဘာကြောင့်များ တွေ့ချင်တာပါလိမ့်။ အရေးမပါတဲ့ စကားပိုင်းကို မြန်မြန်ဖြတ်ပြီး သူနဲ့ ခပ်စောစော သွားတွေ့လိုက်ရရင် သူ သေချင်မှ သေမှာ။ ဒီလိုတွေ လျှောက်တွေးနေလို့ကော လက်တွေ့မှာ ဘာထူး လာမှာလဲ ဆိုတာ သိပေမယ့် ဝမ်းနည်းမှုကို မျိုသိပ်ထားဖို့ မလွယ်လှဘူး။

"ဝတ္ထုထဲမှာ လူတစ်ယောက်အကြောင်း ထည့်ရေးထားလို့ ဆိုပြီး အမျိုးသမီးတစ်ယောက်က ပြဿနာ လာရှာတယ်လို့ ကြားမိတယ်" ရဲဘော်ဝေဖြိုးက ပြောတယ်။

"အဲဒါအပြင်ကော ဦးသူရိန်ဆီမှာ တခြားတခြား ပြဿနာ တက်နေတာမျိုး မရှိဘူးလား။ ဝတ္ထုနဲ့ ဆိုင်တာမျိုးတင် မကဘဲ ကိုယ်ရေးကိုယ်တာပိုင်းရောပေါ့"

"လတ်တလော စဉ်းစားရသလောက်တော့ ဘာမှ မရှိဘူး"

စုံထောက် တစ်ယောက်ရဲ့ အစစ် အမေးကို ခံနေရပါလားလို့ ပထမဆုံး အကြိမ် ကျွန်တော် ခံစားမိတယ်။ ကားမောင်းနေတဲ့ ရဲသားရဲ့ တိတ်ဆိတ်နေမှုဟာ ရုတ်တရက် ဆိုသလို ကျွန်တော့်ကို အောင့်သက်သက် ဖြစ်စေခဲ့တယ်။

"ဒါနဲ့ ..."

ရဲဘော်ဝေဖြိုးက သူ့မှတ်စုစာအုပ်ကို ဖွင့်လိုက်ပြီး–

"ဆရာ ပွင့်ဦးမေ ဆိုတဲ့ နာမည်ကို သိလား"

"အနိ"

"ပြီးတော့ လွင်ထွန်းကို နဲ့ ဇော်သစ်"

"ဩော် ...."

ကျွန်တော် သဘောပေါက်သွားတယ်။

"အဲဒါ (ရေခဲမုန့်ဦး) ထဲက ဇာတ်ကောင်တွေလေ။ အခု မဂ္ဂဇင်းထဲမှာ လစဉ်ပါနေတဲ့ သူရိန်ရဲ့ ဝတ္ထုပဲ" ကျွန်တော်သူ့ကို ပြောနေရင်း စဉ်းစားနေမိတယ်။ နောက်ကျန်နေသေးတဲ့ အပိုင်းတွေအတွက် ဘယ်လိုများ လုပ်ကြပါလိမ့်မလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

"သူ မဆုံးခင်အထိကိုပဲ အဲဒီ ဝတ္ထုကို ဦးသူရိန်က အပြီးသတ်နေပုံ ရတယ်"

"အခုလို ပြောလိုက်မှ စဉ်းစားမိတယ်။ ကွန်ပျူတာက မီးဖွင့်လျက် သားကြီး"

"ကွန်ပျူတာ စခရင်မှာလည်း အဲဒီဝတ္ထုထဲက အခန်းတစ်ခန်း ပေါ်နေတယ်"

"ဒီလိုလား"

ကျွန်တော် ရုတ်တရက် သတိရသွားပြီး ဝေဖြိုးကို မေးလိုက်တယ်။

"သူ ဘယ်လောက် ရေးထားတာလဲ"

"ဘာဆိုလိုတာလဲ"

"ဘယ်နှမျက်နှာ ရေးပြီးပြီလဲ မေးတာပါ"

သူရိန်က သူ ဒီည စာမျက်နှာသုံးဆယ် အပြီးရေးရမှာလို့ ပြောဖူးတဲ့ အကြောင်း ဝေဖြိုးကို ပြောလိုက်တယ်။

"ကွန်ပျူတာမှာ မြင်ရတာနဲ့ စာရွက်အနေအထားနဲ့က မတူတော့ ဘယ်နှမျက်နှာပြီးပြီလဲ ဆိုတာ ခန့်မှန်းဖို့တော့ ခက်တယ်။ ဒါပေမဲ့ တစ်မျက်နှာ နှစ်မျက်နှာတော့ မကဘူး"

"သူ ဘယ်နှမျက်နှာ ရေးပြီးသွားပြီလဲ ဆိုတဲ့အပေါ် မူတည်ပြီး သူ ဘယ်အချိန်လောက်က အသတ်ခံရသလဲ ဆိုတာ တွက်ယူလို့ ရတယ်လေ။ မဟုတ်ဘူးလား။ ကျွန်တော် သူ့အိမ်က ထွက်လာတော့ သူ လုံးဝကို မစရ သေးဘူး"

"ဒါကို ကျွန်တော်တို့လည်း စဉ်းစားမိပါတယ်။ ဒါပေမဲ့ စာရေးတယ် ဆိုတာမျိုးကလဲ ဘယ်လောက်မြန်မြန် ပြီးမလဲဆိုတာ တရားသေ သတ်မှတ်ဖို့ မဖြစ်နိုင်ဘူး မဟုတ်လား"

"မှားတော့ မမှားဘူး။ ဒါပေမဲ့ ဘယ်လောက်ပဲ မြန်မြန် ပြီးတယ် ပြောပြော၊ အကန့်အသတ်တော့ ရှိတာပဲလေ"

"ဒါဆို ဦးသူရိန်က အများဆုံး ဘယ်လောက် ရေးနိုင်သလဲ"

"ဒါလား .... သူ ပြောဖူးတာကတော့ တစ်နာရီကို လေးမျက်နှာလို့ မှတ်မိတာပဲ"

"ဒီလိုဆိုရင် အလောတကြီး ရေးတယ် ဆိုရင်တောင်မှ တစ်နာရီကို အလွန်ဆုံး ခြောက်မျက်နှာပေါ့"

"ဖြစ်နိုင်တယ်"

ကျွန်တော် ပြောတာကို ကြားရတော့ ဝေဖြိုး အတန်ငယ် ငြိမ်ကျသွားတယ်။ တစ်ခုခုကို တွက်ချက်နေသလိုမျိုး။

"ဘာလွဲနေလို့လဲ"

ကျွန်တော် မေးလိုက်တယ်။

"အင်း ... မပြောတတ်သေးဘူး"

ဝေဖြိုးက ခေါင်းခါရင်း–

"အခု ကွန်ပျူတာ စခရင်မှာ မြင်နေရတဲ့ အပိုင်းက အခုမှ အသစ်ရေးထားတဲ့ အပိုင်း ဟုတ်၊ မဟုတ် ဆိုတာ ကျွန်တော်လဲ အတည်မပြုနိုင်သေးဘူး"

"ဒါလဲ ဟုတ်တာပဲ၊ သူ အရင် ရေးထားတဲ့ အပိုင်းကို ခဏ ဖွင့်ကြည့်တာမျိုးလဲ ဖြစ်နိုင်တာပဲ"

"ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မနက်ဖြန် မဂ္ဂဇင်းတိုက်နဲ့ သွားဆွေးနွေးဖို့ ရှိတယ်"

ကျွန်တော် ခပ်သွက်သွက်ကလေး တွက်ချက် ကြည့်လိုက်တယ်။ သန္တာ ပြောတဲ့အတိုင်း ဆိုရင် မလင်းလင်းမော်က ညနေ ၅ နာရီ ပတ်ဝန်းကျင်မှာ ပြန်ထွက်သွားတယ်။ ပြီးတော့ သူရိန်ရဲ့ ဖုန်းကို ကျွန်တော် လက်ခံရတာက ညနေ ၆ နာရီကျော်။ တကယ်လို့ အဲဒီကြားထဲမှာ သူ စာရေးဖြစ်ခဲ့ရင် ၅ မျက်နှာ၊ ၆ မျက်နှာလောက် ပြီးနိုင်တယ်။ မေးစရာ ရှိတာက သူ ဘယ်နှမျက်နှာလောက် ပိုရေးပြီးထားသလဲ။

"မှုခင်းတစ်ခုရဲ့ လျှို့ဝှက်ချက်ကို မေးမိသလိုများ ဖြစ်နေမလားတော့ မသိဘူး"

ကျွန်တော် ဝေဖြိုးကို အရဲစွန့်ပြီး မေးလိုက်တယ်။

"ရဲဘက်က အခင်းဖြစ်ပွားတဲ့ အချိန်၊ လူသေတဲ့ အချိန်ကို ခန့်မှန်းထားတာ ရှိမယ် ထင်တယ်။ ဘယ်လို ယူဆထားကြသလဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဒါကတော့ တကယ့် လျှို့ဝှက်ထားရမဲ့ ကိစ္စပဲဗျ" ဝေဖြိုးက ပြုံးရင်း ပြောတယ်။ "ဒါပေမဲ့ .... အချိန်အတိအကျကတော့ ရင်ခွဲရုံက တင်ပြတဲ့ အစီရင်ခံစာရမှ သိမယ်။ ကျွန်တော်တို့ ခန့်မှန်းထားတာကတော့ ၅ နာရီနဲ့ ၇ နာရီအကြား ဖြစ်လိမ့်မယ် ထင်တယ်။ ရလဒ်ကတော့ အများကြီး လွဲစရာ မရှိလောက်ဘူး"

"သူ့ဆီက ဖုန်းဝင်လာတာ ၆ နာရီကျော်ကျော် ဆိုတော့ ...."

"အင်း၊ ဒါဆိုလဲ ၆ နာရီနဲ့ ၇ နာရီအကြားပေါ့"

အဲလိုပဲ ဖြစ်ရမှာပဲ။

သူရိန်နှင့် ကျွန်တော် ဖုန်းပြောပြီးပြီးချင်းပဲ ချက်ချင်း အသတ်ခံလိုက်ရတာလား။

"သူရိန် ဘယ်လိုများ အသတ်ခံရတာပါလိမ့်" ကျွန်တော် တစ်ယောက်တည်း ကိုယ့်ဘာသာ ပြောနေမိတဲ့ စကားကို ကြားရတော့ ဝေဖြိုးက အံ့သြသွားသလိုပဲ။ အလောင်းကို ပထမဆုံး တွေ့ရတဲ့သူ တစ်ယောက်အနေနဲ့ ဒါလေးတောင် မသိဘူးလားလို့ တွေးထင်နေပုံ ရတယ်။ ဒါပေမဲ့ သူရိန် ဘာကြောင့် သေသွားရသလဲ ဆိုတာကို ဘယ်လိုမှ မခန့်မှန်းတတ်ဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် အဲဒီတုန်းက အတော်လေး ထိတ်လန့်နေလို့ အသေအချာတောင် စိုက်မကြည့်ရဲခဲ့ဘူး။

ကျွန်တော် ဒီအကြောင်း ရှင်းပြလိုက်တော့ ဝေဖြိုးကလည်း သဘောပေါက်သွားပုံပဲ။

"ဒါလဲ ရင်ခွဲရုံအစီရင်ခံစာ ထွက်လာမှ အတိအကျ သိနိုင်မှာ။ လွယ်လွယ် ပြောရရင်တော့ အညှစ်သတ်ခံရတာ"

"အညှစ်သတ်ခံရတယ် ဆိုတာ လည်ပင်း အညှစ်ခံရတာကို ပြောတာလား။ ကြိုးနဲ့လား၊ ဒါမှမဟုတ် ..."

"သူ့လည်ပင်းမှာ ဖုန်းကြိုးက ပတ်လျက်သား"

"ဘယ်လို လုပ်ပြီး ......"

"နောက်ပြီး ဒဏ်ရာလဲ ရှိတယ်၊ သူ့နောက်စေ့ကို အပြင်းအထန် ရိုက်ခံထားရတယ်။ အခင်းဖြစ်တဲ့ နေရာမှာ သုံးတဲ့ အဲဒီလက်နက်ကို တွေ့ထားပြီ။ စက္ကူဖိဖို့ လုပ်ထားတဲ့ ကြေးရုပ်ကလေး"

mgyoe.com

mgyoe.com


"သဘောက အနောက်ကနေ မေ့သွားအောင် ရိုက်လိုက်ပြီးမှ ညှစ်သတ်တယ် ဆိုပါတော့"

"လတ်တလော သိထားသလောက်တော့ အဲဒီလိုပဲ ဖြစ်လိမ့်မယ်"

ဝေဖြိုးက သူ့အသံကို နှိမ့်ချလိုက်ပြီး–

"ခုနက ပြောခဲ့သမျှကို ကျွန်တော်တို့ မကြာခင်မှာ တရားဝင်ထုတ်ပြန်ပါလိမ့်မယ်။ အဲဒီ မတိုင်ခင်တော့ ဘယ်သူ့ကိုမှ မပြောပါနဲ့နော်"

"ဒါပေါ့ ဒါပေါ့"

ရဲကားလည်း ကျွန်တော့်ရဲ့ တိုက်ခန်းအရှေ့ကို ရောက်ခဲ့ပြီ။

"အိမ်လိုက်ပို့တာ ကျေးဇူးအများကြီး တင်ပါတယ်"

"ကျွန်တော်က ကျေးဇူးတင်ရမှာပါ။ အမှုအတွက် အသုံးကျမဲ့ အချက်တွေ အများကြီး ရလိုက်တယ်လေ"

ကျွန်တော် ကားပေါ်က ဆင်းပြီး တိုက်တန်းဘက်ကို လှမ်းအသွားမှာ "အား .... ခဏလေး" နောက်ကျောဘက်က ဝေဖြိုးရဲ့ အသံကို ကြားလိုက်ရတယ်။

"အခန်းဆက် ရေးနေတာ ဘယ်မဂ္ဂဇင်းလဲ"

ကျွန်တော်က သော်တာ မဂ္ဂဇင်းလို့ ပြောလိုက်တော့ သူက ခေါင်းယမ်းပြီး–

"ကျွန်တော် ပြောတာက ဆရာ ရေးနေတဲ့ မဂ္ဂဇင်းကို ပြောတာ"

ကျွန်တော် မရှုံ့မရဲနဲ့ မဂ္ဂဇင်းတိုက်နာမည်ကို တိုးတိုးလေး ပြောလိုက်မိတယ်။ သူကတော့ သူ့မှတ်စုစာအုပ်ပေါ်မှာ ရေးမှတ်လို့။

အခန်းပြန်ရောက်တော့ ဆိုဖာပေါ်ထိုင်ရင်း ငိုင်နေမိတာ အကြာကြီး။ ဒီနေ့တစ်နေ့တာ ဖြစ်ပျက်ခဲ့သမျှဟာ အိပ်မက်ထဲကလိုလို။ ကျွန်တော့်ဘဝတစ်လျှောက်မှာ ဒီနေ့လို ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်မျိုး မကြုံဖူးခဲ့ဘူး။ ဒီလိုနေ့မျိုးကို အိပ်စက်ခြင်းနဲ့ အဆုံးသတ်ပစ်ရမှာ ရှက်သလိုလိုတောင် ခံစားနေရတယ်။ အင်း .... တကယ်လို့ အိပ်ပစ်မယ် ဆိုရင်တောင် ဒီလိုညမျိုးမှာ ဘယ်လိုလုပ်ပြီး အိပ်ပျော်နိုင်ပါတော့မလဲ။

ဒါနဲ့ အကြံတစ်ခု လင်းလက်လာပြီး ဒီအတွေ့အကြုံကို ချရေးထားချင်စိတ် ပေါ်လာတယ်။ ကျွန်တော့်ရဲ့ သူငယ်ချင်းတစ်ယောက် ဘယ်လို အသတ်ခံရသလဲ ဆိုတာ မှတ်တမ်းတင်ထားရမယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

အခု ရေးခဲ့တာတွေက ဒီနေ့ ဖြစ်ပျက်ခဲ့သမျှပဲ။ လူသတ်တရားခံ မသိရမချင်း၊ အမှန်တရား မပေါ်မချင်း ကျွန်တော် ဆက်ရေးနေဦးမယ်လို့ ဆုံးဖြတ်ချက် ချလိုက်တယ်။

■

သူရိန် အသတ်ခံရတဲ့သတင်းက သတင်းစာထဲမှာတောင် ပါလာပြီ။ မနေ့ညက တီဗွီမကြည့်ဖြစ်တော့ သတင်းပါ၊ မပါ မပြောတတ်ဘူး။ အခုလို နာမည်ကြီး လူတစ်ယောက်ရဲ့ သတင်းမျိုးကို အနံ့ခံပြီး မီဒီယာတွေက အလုအယက် ပြောချင်ကြမှာတော့ အသေအချာပဲ။ စုံနိုင်သမျှစုံအောင်၊ သိနိုင်သမျှ သိအောင် လေ့လာပြီး ဓာတ်ပုံတွေနဲ့တကွ မီဒီယာတွေမှာ အပြိုင်အဆိုင် သတင်းတွေ လုတင်နေကြတာ။

သတင်းအားလုံးရဲ့ အနှစ်သာရကတော့ ဖြစ်ရပ်မှန်နဲ့ အတော်လေး နီးစပ်ပါတယ်။ ဒါပေမဲ့ အလောင်း စတွေ့တဲ့ အပိုင်းကို ရေးထားကြတာက "အိမ်တွင်းမှာ မှောင်မည်းနေတဲ့အကြောင်း မိတ်ဆွေတစ်ယောက်က အကြောင်းကြားလို့ ဇနီးဖြစ်သူ ဒေါ်သဏ္ဍာက အိမ်ပြန်လာကြည့်မှ အလုပ်ခန်းထဲမှာ လဲကျသေဆုံးနေတဲ့ ဦးသူရိန်ရဲ့ အလောင်းကို တွေ့ရှိရခြင်း ဖြစ်ကြောင်း" တဲ့။ ကျွန်တော့်ရဲ့ နာမည်ကို ဘယ်သတင်းမှာမှ မတွေ့ရဘူး။ သတင်းစာ ဖတ်တဲ့သူအနေနဲ့ သဏ္ဍာတစ်ယောက်တည်းကပဲ အလောင်းကို တွေ့ခဲ့တယ်လို့ ထင်သွားနိုင်စရာပဲ။

သတင်းအရ ဆိုရင် မှုခင်းထောက်လှမ်းရေးအဖွဲ့က ဖြစ်နိုင်ခြေ နှစ်မျိုးကို အခြေခံပြီး အမှုလိုက်နေကြတယ်။ တစ်မျိုးက ကြိုတင်စီမံပြီး အကွက်ချ သတ်ဖြတ်မှုလား။ နောက်တစ်မျိုးက ရုတ်တရက် သတ်ဖြတ်ခံရခြင်းလား။ အရှေ့တံခါးက သော့ခတ်ထားတာ ဆိုတော့ သတင်းထောက်တွေ ယူဆတာက လူသတ်သမားဟာ ပြတင်းပေါက်ကို ကျော်ဝင်ခဲ့တယ် တဲ့။

ကျွန်တော် သတင်းစာကို ပိတ်လိုက်ပြီး နံနက်စာအတွက် ပြင်ဆင်မလို့ လုပ်တုန်း တံခါးခေါက်သံ ကြားရတယ်။ ကျွန်တော် နာရီကို လှမ်းကြည့်လိုက်တော့ ၈ နာရီထိုးပြီးခါစ။ ပုံမှန်အနေနဲ့ ဧည့်သည်တွေ လာဖို့ စောလွန်းနေသေးတယ်။ ကျွန်တော် တံခါးနားဆီ ကပ်သွားပြီး လှမ်းမေးလိုက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘယ်သူလဲ"

"ဦးပေါ်လွင်လား ရှင့်"

အမျိုးသမီးတစ်ယောက်ရဲ့ အသံ။ အသက်ရှူသံပြင်းပြင်းနဲ့ အခုပဲ အပြေးလေ့ကျင့်ထားသလို။

"ဟုတ်ပါတယ်၊ ဘယ်သူလဲ မသိဘူး"

"နံနက်စောစောစီးစီး နှောင့်ယှက်မိတာ တောင်းပန်ပါတယ်ရှင်၊ ကျွန်မက ချယ်နယ်ဝမ်း သတင်းဌာနကပါ။ မနေ့ညက ဖြစ်ခဲ့တဲ့အမှုနဲ့ ပတ်သက်ပြီး လူကြီးမင်းနဲ့ စကားနည်းနည်း ပြောခွင့်ရချင်ပါတယ်ရှင့်"

အံ့သြသွားမိတာ အမှန်ပဲ။ ကျွန်တော့်နာမည်ကို ဘယ်သတင်းစာမှာမှ မဖော်ပြပါဘဲနဲ့ အလောင်းကို တွေ့တုန်းက ကျွန်တော်ပါ ပါတယ်လို့ သူတို့ ဘယ်လိုများ အနံ့ခံရသွားတာပါလိမ့်။

"...." ကျွန်တော့်ရဲ့ စကားတွေကို သတိထားရမယ်လေ။ ကိုယ့်ကို ပြန်အမှုပတ်နိုင်မယ့် အခြေအနေမျိုးမှာ စကားကို ပေါ့ပေါ့လေး ပြောလို့ မဖြစ်ဘူး။

"ဘာအကြောင်းများပါလိမ့်"

"မနေ့ညက စာရေးဆရာ ဦးသူရိန် သူ့အိမ်မှာ အသတ်ခံခဲ့ရပါတယ်၊ ကျွန်မတို့ သိထားတာက အဲဒီရုပ်အလောင်းကို တွေ့တဲ့အချိန်မှာ သူ့ရဲ့ ဇနီးနဲ့ အတူ လူကြီးမင်းလဲ အနားမှာ ရှိနေတယ် ဆိုတာပါပဲ၊ အဲဒါ ဟုတ်လား မသိဘူး နော်"

သတင်းဌာနက မှခင်းဆွေးနွေးခန်းအတွက် လွှတ်လိုက်တဲ့ သတင်းထောက်မလေးများလား။ နာမည်အတိအကျနဲ့ အိမ်ကို အရောက်လိုက်လာတာ ဆိုတော့ စိတ်ထဲမှာ ခပ်လန့်လန့်ရယ်။ ဘာပဲဖြစ်ဖြစ် ဟုတ်ရင် ဟုတ်တဲ့ အတိုင်းတော့ ပြောရမှာပဲလေ။

"အင်း ဟုတ်ပါတယ်"

ကျွန်တော် ပြန်ဖြေလိုက်တယ်။

တံခါး တစ်ဖက်မှာ ရှိတဲ့ အမျိုးသမီးက ကျွန်တော့်အဖြေ ကြားတော့ ပျော်သွားမလား မသိဘူး။

"ဒါနဲ့ အဲဒီညက ဘာအတွက်ကြောင့် ဦးသူရိန်အိမ်ကို သွားလည်ရတာပါလဲရှင့်"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဆောရီးဗျာ။ ကျွန်တော် ပြောသင့်သမျှကို မှုခင်းရဲတွေဆီ အကုန် ပြောထားပြီးပါပြီ"

"အိမ်နဲ့ပတ်သက်ပြီး ထူးခြားနေတာကို မြင်လို့ လူကြီးမင်းက သူ့ဇနီးဆီ ဖုန်းဆက် အကြောင်းကြားတယ်လို့ သိထားရပါတယ်ရှင်။ ဘာများ ထူးခြားနေလို့လဲ ဆိုတာ ပြောပြပေးနိုင်မလားရှင့်"

"မှုခင်းရဲတွေကိုပဲ မေးကြည့်ပါဗျာ"

ဒီလို သတင်းထောက်တွေဟာ တစ်ခါတလေမှာ အင်မတန်မှ ရိုင်းပျတတ်တယ်လို့ ကျွန်တော် ကြားဖူးတယ်။ ကျွန်တော့် အနေနဲ့ကတော့ ဒီလို အမေးအမြန်းခံရတာ ပထမဆုံး အကြိမ်ပဲလေ။ ကိုယ့်သူငယ်ချင်းတစ်ယောက် သေသွားတာကို မြင်ထားတဲ့ လူတစ်ယောက်က ဒီရက်ပိုင်းမှာ အဲဒီအကြောင်း လုံးဝ ထည့်မပြောချင်ဘူး ဆိုတဲ့ စိတ်ခံစားမှုမျိုးကို သူတို့ ဘာကြောင့်များ နားမလည်နိုင်ကြတာပါလိမ့်။

သတင်းလိုက်နေတဲ့ တခြား သတင်းထောက်တွေနဲ့ ထပ်မတိုးရလေအောင် ကျွန်တော် အပြင်မထွက်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ သန္တာ့ဆီကို တစ်ခေါက်လောက် သွားပြီး အားပေးစကား ပြောသင့်တယ်လို့ နားလည်ပေမယ့် ဒီနေ့ သူ့အိမ်နား ကပ်ဖို့လည်း လုံးဝ မလွယ်လောက်ဘူး။

ကျွန်တော် နွားနို့တစ်ခွက်ကို မီးဖိုပေါ်တင်ပြီး နွေးနေတုန်း တံခါးခေါက်သံ ကြားရပြန်တယ်။

"မင်္ဂလာပါ။ စကိုင်းတီဗွီကပါ။ လူကြီးမင်းနဲ့ စကားအနည်းငယ် ပြောပါရစေ"

ဒီတစ်ခါက ယောကျ်ားလေးအသံ။

"ဦးပေါ်လွှင်ခင်ဗျ။ ဘာတွေ ဖြစ်ခဲ့သလဲ ဆိုတဲ့အကြောင်း အသေးစိတ်ကို တစ်နိုင်ငံလုံးမှာ ရှိတဲ့ လူတွေက ကြားရဖို့ မျှော်လင့်နေကြတာပါ"

ဒီလို စကားလုံးကြီးကြီးနဲ့ ပစ်သွင်းလိုက်တော့ ပိုပြီးတောင် ခေါင်းနားပန်း ကြီးသွားတယ်။

"ဒီမယ်၊ ကျွန်တော်က သူ့အလောင်းကို စတွေ့ခဲ့ရုံ သက်သက်ပါပဲ။ တခြား ဘာမှ ကျွန်တော် မသိဘူး"

mgyoe.com

mgyoe.com

"ဒါပေမဲ့ လူကြီးမင်းက ဦးသူရိန်နဲ့ သူငယ်ချင်း မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါပေမဲ့ အဲဒီညက ဖြစ်ပျက်ခဲ့သမျှကို ကျွန်တော် ပြောပြဖို့ မဖြစ်နိုင်ပါဘူး"

"လူကြီးမင်း အပြင်ထွက်လာပြီး ဦးသူရိန်နဲ့ ပတ်သက်တာ တစ်ခုခု လောက် ပြောပြပေးရင် သိပ်ကောင်းမှာပဲ" အဲဒီလူက ခေါင်းမာစွာ တောင်းဆို နေတယ်။

ကျွန်တော် သက်ပြင်းချလိုက်တယ်။ ဒီလို တစ်နေကုန်လုံး သတင်း ဌာနတွေ တရုန်းရုန်း ဖြစ်နေရင် အိမ်နီးချင်းတွေကို အားနာစရာကြီး ဖြစ် တော့မှာ။ ကျွန်တော် တံခါးကို ဖြည်းဖြည်းချင်း ဆွဲဖွင့်လိုက်တာနဲ့ ကျွန်တော့် မျက်နှာအရှေ့မှာ မိုက်ခရိုဖုန်းတွေ အပြုံလိုက် တန်းစီပြီး တိုးဝင်လာပါရော။

အင်တာဗျူးတွေ ဖြေနေတာနဲ့ တစ်မနက်လုံး ကုန်တာပါပဲ။ နံနက်စာ တောင် မစားလိုက်ရဘူး။ ကျွန်တော့်ရဲ့မျက်နှာ အနီးကပ် ရိုက်ချက်တွေ ပေါ်နေတဲ့ တီဗွီမျက်နှာပြင်ကို ကြည့်ရင်း နေ့လယ်စာအဖြစ်နဲ့ အသင့်စား ခေါက်ဆွဲပြုတ်ကို စားနေခဲ့တယ်။ စောစောက နာရီပိုင်းလေးအတွင်း ရိုက်သွား တဲ့ အင်တာဗျူးကိုတောင် အခု တီဗွီမှာ သတင်းအနေနဲ့ မြင်နေရတာတော့ အံ့မခန်းပဲ။

"လူကြီးမင်းတို့က မူလတန်းကတည်းက သူငယ်ချင်းတွေဆို၊ ဟုတ်ပါ သလား။ ဦးသူရိန်ကို ဘယ်လို လူစားမျိုးလဲလို့ မှတ်ချက်ပြုချင်ပါသလဲရှင့်" အသံစူးစူးနဲ့ သတင်းထောက်မက မေးတယ်။

စခရင်ပေါ်မှာ ကျွန်တော်ဟာ မေးခွန်း အမေးခံရလို့ လေးလေး နက်နက်ကြီး စဉ်းစားနေတဲ့ပုံ ပေါက်နေတယ်။ မေးခွန်းကို ပြန်မဖြေခင် ငြိမ်ကျသွားတဲ့ ငြိမ်သက်မှုမျိုးက သည်းမခံနိုင်လောက်အောင် ကြာတယ် ဆိုတာ ကျွန်တော် သတိထားမိတယ်။ တည်းဖြတ်သူတွေကလည်း အချိန် မရလို့ ထင်ပါရဲ့။ အဲဒီအပိုင်းကို ဖြတ်မထုတ်ပစ်ကြဘူး။ ကျွန်တော့် ဘေးနားမှာ ရှိနေတဲ့ သတင်းထောက်တွေရဲ့ မျက်နှာက စိတ်မရှည်တဲ့ အမူအရာတွေ ပေါ်လွင်နေခဲ့တယ်။

"သူက စိတ်ဓာတ်ပြင်းထန်တဲ့ လူတစ်ယောက်ပါ"

နောက်ဆုံးတော့ ကျွန်တော့် ပါးစပ်က အဖြေထွက်လာတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"တကယ့် လူသားစစ်စစ် တစ်ယောက်လို့ ပြောရမှာပဲ။ တစ်ခါတလေမှာ သူဟာ သိပ်အံ့ဩချီးကျူးစရာ ကောင်းတဲ့ လူတစ်ယောက်ပဲ။ တစ်ခါတလေကျတော့ အံ့ဩစရာ ကောင်းလောက်အောင် သွေးအေးလွန်းတယ်။ ဒါက ဘယ်သူ့ဆီမှာမဆို ရှိတတ်တဲ့ လူသားတစ်ယောက်ရဲ့ အသွင်လက္ခဏာပဲ မဟုတ်လား"

"သွေးအေးလွန်းတယ် ဆိုတာ ဘာကို ဆိုလိုချင်တာပါလဲ။ ဥပမာလေးနဲ့ ပြောပြနိုင်မလား"

"ဥပမာ ....." ကျွန်တော် ခေါင်းကို ဖြည်းဖြည်းချင်း ခါလိုက်တယ်။

"လတ်တလော ခေါင်းထဲ ပေါ်မလာဘူး။ ပြီးတော့ ဒါက ကာလံဒေသံအရ ပြောသင့်ပြောထိုက်တဲ့ စကားမျိုးလဲ မဟုတ်ဘူးလေ"

တကယ်တော့ ကျွန်တော့်ခေါင်းထဲမှာ သူရိန် ကြောင်သတ်ခဲ့တဲ့ အကြောင်းက အစီအရီ ပေါ်နေပြီးသားပါ။ ဒါပေမဲ့ တစ်နိုင်ငံလုံးသိအောင် လူသိရှင်ကြား ကြေညာသင့်တဲ့ ကိစ္စမျိုး မဟုတ်ဘူး ထင်တယ်။

ဒီလိုနဲ့ အမှုနဲ့ မသက်ဆိုင်တဲ့ မေးခွန်းတွေ များသည်ထက် များလာပြီးနောက် သတင်းထောက်မက နောက်ဆုံးပိတ် မေးနေကျ အဖြည့် မေးခွန်း မေးလိုက်တယ်။

"လူသတ်သမားကို လူကြီးမင်းအနေနဲ့ ဘာများ ပြောချင်ပါသလဲ"

"ဘာမှ မရှိပါဘူး"

ဒီအဖြေကို ကြားရတော့ အနားပတ်လည်က သတင်းထောက် အကုန်လုံး စိတ်ပျက်သွားကြသလိုပဲ။

အဲဒီနောက်တော့ သတင်းကြေညာသူက သူရိန်ရဲ့ စာပေဆိုင်ရာလှုပ်ရှားမှုတွေအကြောင်း မိတ်ဆက်ပေးတယ်။ လူနေမှုဘဝ အဖုံဖုံကို သရုပ်ဖော်ရတဲ့ စာရေးသူ တစ်ယောက်အနေနဲ့ လူတန်းစားပေါင်းစုံနဲ့ ပေါင်းသင်းဆက်ဆံရတော့ စာရေးဆရာရဲ့ ဘဝကိုယ်၌ကလည်း ရသစုံတဲ့ ဟင်းတစ်ခွက်လိုပဲ ရှုပ်ထွေးပွေလီနေမှာ။ ဒီတော့ စာရေးဆရာတစ်ယောက် အသတ်ခံရတယ်ဆိုတာက စာပေကြောင့် ရလာတဲ့ အပေါင်းအသင်းနဲ့ ကိုယ်ရေးကိုယ်တာ အပေါင်းအသင်းတွေထဲက ပဋိပက္ခတစ်ခုခုရဲ့ အကျိုးသက်ရောက်မှုပဲ ဖြစ်လိမ့်မယ်လို့ ခန့်မှန်းကြတယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


(ဘေးမဲ့မြေ) ဝတ္ထုကြောင့် လတ်တလော ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကိုလည်း သတင်းမှာ ဖော်ပြကြတယ်။ အဲဒီစာအုပ်ရဲ့ အဓိကဇာတ်ကောင်အဖြစ် သရုပ်ဖော်ခံထားရတဲ့ လူတစ်ယောက်ရဲ့ မိသားစုဝင်တွေက ဘယ်ပုံဘယ်လိုမျိုး ကန့်ကွက်ကြသလဲ ဆိုတာပေါ့။ ကြည့်ရတာ သူရိန် ဆုံးတဲ့နေ့က မလင်းလင်းမော် သူ့အိမ်အထိ လာတွေ့တယ် ဆိုတဲ့အကြောင်း မီဒီယာတွေ သိကြသေးပုံ မရဘူး။

ဖုန်းမြည်လာတယ်။ ဘယ်နှကြိမ်မြောက်လဲ ဆိုတာကိုတောင် မရေနိုင်တော့ဘူး။ ဒါပေမဲ့ အလုပ်ကိစ္စနဲ့ ပတ်သက်လေမလား ဆိုပြီးတော့ ကျွန်တော့်မှာ ဖုန်းကိုင်လိုက်ရတာပဲ။

"ဟုတ်ကဲ့၊ ကျွန်တော် ပေါ်လွင်ပါ"

ကျွန်တော် ခပ်လောလောကလေး ပြောလိုက်တယ်။

"ဟယ်လို၊ ကျွန်မပါ"

ကြည်ကြည်လင်လင်နဲ့ အသံကြားရတော့ ချက်ချင်း သိလိုက်ပြီ။ သန္တာပဲ။

"အိုး ... မနေ့ညက အဆင်ပြေရဲ့လား"

ဒါက အင်မတန်မှ အူကြောင်ကြောင်နိုင်တဲ့ မေးခွန်းတစ်ခုပဲ။ ဒါပေမဲ့ ဒါကလွဲလို့ ဘာမေးရမှန်းလည်း ကျွန်တော် မသိတော့ဘူး။

"ကျွန်မ မိဘအိမ်ကို ရောက်နေပါတယ်။ တချို့တချို့ လူတွေဆီ လှမ်းပြီး အကြောင်းကြား သင့်တယ်လို့ နားလည်ပေမဲ့ ကျွန်မမှာ ဘာ ခွန်အားမှ မရှိတော့သလိုပဲ"

"ကျွန်တော် ကိုယ်ချင်းစာမိပါတယ်။ သန္တာ အခု ဘယ်မှာလဲ"

"အိမ်မှာ။ ဒီမနက် ရဲဌာနက အခင်းဖြစ်တဲ့နေရာမှာ နောက်တစ်ခေါက် မေးမြန်းစရာ ရှိလို့ ခဏလာခဲ့ဖို့ ဖုန်းဆက်ခေါ်တယ်လေ"

"ကိစ္စ ပြီးပြီလား"

"ပြီးပြီ။ ရဲတချို့တော့ အခန်းတွင်း လျှောက်ကြည့်နေတုန်းပဲ"

"မီဒီယာတွေက စိတ်ပျက်စရာပဲနော်"

"ဟုတ်တယ်။ ဒါပေမဲ့ စာအုပ်တိုက်က လူတွေရော၊ ကိုသူရိန်နဲ့ ခင်တဲ့ မိတ်ဆွေတချို့ရော ရောက်လာတာနဲ့ သူတို့နဲ့ပဲ ထိပ်တိုက် တွေ့ပေးထားလိုက်တယ်။ နည်းနည်းတော့ ပေါ့ပါးသွားတာပေါ့"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဒီလိုလား"

ကျွန်တော် မူလက "သိပ်နိပ်တာပဲ" လို့ ပြောမလို့ဟာ။ မနေ့ကမှ လင်သေလို့ ပူဆွေးနေတဲ့ အမျိုးသမီး တစ်ယောက်အတွက် ဒီအသုံးအနှုန်းက မသင့်လျော်ပါဘူးလေ ဆိုပြီး မျိုချလိုက်ရတယ်။

"ဦးပေါ်ဆီကို သတင်းဌာနက လူတွေ အပြုံလိုက် ဝိုင်းအုံနေတာ အတော် စိတ်အနှောင့်အယှက် ဖြစ်မှာပဲနော်။ ကျွန်မက တီဗွီမကြည့်ဖြစ်ဘူး။ စာအုပ်တိုက်က လူတွေ ပြောပြလို့ သိရတာ။ အတော်လေး အားနာမိလို့ ဦးပေါ် ဆီ ဖုန်းဆက်လိုက်တာ"

"ရပါတယ်ဗျာ၊ စိတ်မပူပါနဲ့၊ အင်တာဗျူးကြတာလဲ ကုန်သလောက် ရှိပြီ ထင်ပါတယ်"

"တောင်းပန်ပါတယ်ရှင်"

အမှန်အကန်ကို စိတ်ထဲမှာ အားတောင့်အားနာ ဖြစ်နေတဲ့ လေသံမျိုး။

အခုချိန် သူသာလျှင် ဒီလောကမှာ အကြေကွဲရဆုံး လူသားတစ်ယောက် ဖြစ်နေပါလျက်နဲ့ သူများအတွက် ထည့်ပြီး စဉ်းစားပေးနိုင်သေးတာဟာ အင်မတန်မှ ချီးကျူးစရာ ကောင်းတာပဲ။ သူ့ရဲ့ စိတ်ဓာတ်ခိုင်မာမှုကို ကျွန်တော် နောက်တစ်ကြိမ် ထပ်ပြီး ခံစားလိုက်ရတယ်။

"တကယ်လို့ ကျွန်တော် ကူညီပေးနိုင်တာမျိုး ရှိရင် အားမနာပါနဲ့ဗျာ။ ကျွန်တော့်ကို ပြောပါ"

"ကျေးဇူးပါရှင်၊ ကိုသူရိန်ဘက်က အမျိုးတွေရော ကျွန်မအမေရော အနားမှာ ရှိနေကြတယ်၊ ကျွန်မ အဆင်ပြေပါတယ်"

သူရိန့်ထက် အသက်နှစ်နှစ်ကြီးတဲ့ အစ်ကိုတစ်ယောက် ရှိသေးတယ် ဆိုတာ ကျွန်တော် အမှတ်ရသွားတယ်။ အသက်ကြီးပြီ ဖြစ်တဲ့ မိခင်က သူတို့ လင်မယားနဲ့ အတူနေကြတယ်။

"ကျွန်တော် လုပ်ပေးနိုင်တာ ရှိရင် လုံးဝ အားမနာပါနဲ့နော်"

"ကျေးဇူးပါရှင်၊ ဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ်"

"တကူးတက ဖုန်းခေါ်လာတဲ့အတွက် ကျေးဇူးပါပဲဗျာ"

ဖုန်းချသွားပြီးတဲ့နောက် ကျွန်တော် သန္တာ့အကြောင်းကိုပဲ စဉ်းစား နေမိတယ်။ ဘယ်လိုများ ဆက်လက် နေထိုင်ဖို့ စီစဉ်ထားပါလိမ့်၊ သူက ငယ်ရွယ်

mgyoe.com

mgyoe.com


ပါသေးတယ်။ ကြားဖူးတာတော့ သူ့မိဘတွေမှာ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း ရှိတယ်။ ငွေရေးကြေးရေး အဆင်ပြေကြတယ်။ သူ့ကို တင်ကျွေးထားဖို့ရာက ဘာမှ မခက်ခဲဘူး။ ဒါပေမဲ့ စိတ်ခံတတ်ရေးရာအရ ပြန်လည် တည်ငြိမ်ကျန်းမာလာဖို့ကတော့ အချိန်ယူရလိမ့်မယ်။ သူတို့ လက်ထပ်ပြီးကြတာမှ တစ်လပဲ ရှိသေးတာလေ။

နဂိုက သန္တာဟာ သူရိန်ရဲ့ စာဖတ်ပရိသတ် တစ်ယောက်ပဲ။ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ သူရိန်နဲ့ ရင်းနှီးသွားကြတယ်။ အဲဒီနောက်တော့ သမီးရည်းစားတွေပေ့ါ။ ပြောရရင် မနေ့ညက သူ့အနေနဲ့ တန်ဖိုးကြီးတဲ့ အရာနှစ်ခုကို တစ်ပြိုင်နက် ဆုံးရှုံးလိုက်ရသလိုပဲ။ တစ်ခုက လင်ယောကျ်ား၊ နောက်တစ်ခုက သူ သိပ်တန်ဖိုးထား လေးစားတဲ့ စာရေးဆရာ။

အဲဒီလို တွေးတောနေတုန်းမှာပဲ ဖုန်းက မြည်လာပြန်တယ်။ တီဗွီအစီအစဉ်တစ်ခုမှာ စကားလာပြောပေးဖို့ ဖိတ်ကြားတာ။ ကျွန်တော် ချက်ချင်းပဲ ငြင်းပယ်လိုက်တယ်။

■

ဝေဖြိုး ရောက်လာတဲ့ အချိန်မှာ ည ၆ နာရီကျော်ရှိပြီ။ တံခါးခေါက်သံ ကြားရတော့ ဘယ်သတင်းဌာနက ထပ်လာရှုပ်ပြန်ပြီလဲ ဆိုပြီး နည်းနည်း တင်းသွားသေးတယ်။ ဒီတစ်ခါတော့ သူတစ်ယောက်တည်း လာတာ မဟုတ်ဘူး။ သူနဲ့အတူ သူ့ထက် အသက်ငယ်တဲ့ ရဲဘော်တစ်ယောက်ပါ ခေါ်လာသေးတယ်။

"ဆောရီးပါဗျာ၊ သိချင်တာလေး နှစ်ခု၊ သုံးခုလောက် မေးချင်လို့ပါ"

"ငါ ထင်ထားပြီးသားပါကွာ။ ကဲ ... အထဲဝင်"

ဝေဖြိုးက အထဲ မဝင်သေးဘဲ မေးလိုက်တယ်။

"ညစာ စားနေတာလား"

"မစားပါဘူးကွာ။ အခုမှ ဘာစားရရင် ကောင်းမလဲ စဉ်းစားနေတာ"

"ဒါဆို ကျွန်တော်တို့ အပြင်မှာ သွားစားကြရအောင်လား၊ ဒီနေ့ တစ်နေကုန် အမှုကိစ္စနဲ့ လုံးချာလည်လိုက်နေတာ၊ နေ့လယ်စာတောင် မစားရသေးဘူး"

"ဟုတ်လား၊ ဒါဆို ဘယ်သွားစားမလဲ။ ဝက်သားနံရိုးပေါင်း ကောင်းကောင်း ရတဲ့ဆိုင် ကျွန်တော် သိတယ်။ ဘယ်လိုလဲ"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ရပါတယ်။ ဘယ်ဖြစ်ဖြစ်ပေါ့"

ဝေဖြိုးက တစ်ခုခု သတိရသွားသလိုနဲ့ သူ့လက်မကို ထောင်လိုက်ပြီး အနောက်ဘက်ကို ညွှန်ပြရင်း–

"ဟိုဘက်နားမှာ ထမင်းဆိုင်တစ်ဆိုင် ရှိတယ်။ ဆရာ မနေ့ညက အဲဒီမှာ သွားစားတာ မဟုတ်လား"

"ဟုတ်တယ်၊ သွားချင်လို့လား"

"အဲဒီပဲ သွားကြရအောင်။ အဲဒီဆိုင်က နီးတယ်။ ကော်ဖီလဲ ကောင်းတယ်လေ"

"သိပ်ကောင်းတာပေါ့"

အဖော်ရဲသားကလည်း ဖော်လိုလိုက်ပြီး ဆန္ဒ ပေးတယ်။

"ရတယ်လေ။ ငါ အဝတ်အစား လဲလိုက်ဦးမယ်"

အဝတ်အစား လဲနေတဲ့ အချိန်ကို အသုံးချပြီး ဘာကြောင့်များ ဝေဖြိုးက အဲဒီထမင်းဆိုင်ကိုမှ သွားချင်ရတာလဲ ဆိုတဲ့ အကြောင်းအရင်းကို စဉ်းစားနေမိတယ်။ ရည်ရွယ်ချက် ရှိရှိပဲ သွားချင်ရတာလား။ ဒါမှမဟုတ် သူ ပြောသလိုပဲ ဆိုင်က အနီးအနားမှာမို့ ကော်ဖီသောက်ချင်လို့ပဲ သွားတာလား။ အခန်းထဲက ထွက်လာတဲ့အထိ ဘယ်လိုမှ စဉ်းစားလို့ မရဘူး။

ထမင်းဆိုင် ရောက်တော့ ကျွန်တော်တို့ ကိုယ်စီ ထမင်း၊ ဟင်းတွေ မှာလိုက်ကြတယ်။

"ပြီးခဲ့တဲ့အခေါက်က ပြောတဲ့ ဝတ္ထုလေ"

စားပွဲထိုးမလေး ထွက်သွားတာနဲ့ ဝေဖြိုးက စကားစတယ်။

"ဦးသူရိန် ကွန်ပျူတာ ဖွင့်လျက် တင်ထားတဲ့ (ရေခဲမုန့်ဦး) ဆိုတဲ့ ဝတ္ထုလေ"

"အင်း သိတယ်၊ မနေ့ကမှ ရေးထားတာလား၊ အရင်ကတည်းက ရေးပြီးသားလား ဆိုတာ သိရအောင် သေချာစုံစမ်းဦးမယ်လို့ မနေ့က ပြောတဲ့ဟာလေ၊ အခု သိရပြီလား"

"သိပြီ၊ မနေ့ကမှ ရေးထားတာ ဖြစ်မယ်၊ မဂ္ဂဇင်းတိုက်က တာဝန်ခံကို ကျွန်တော် မေးကြည့်ပြီးပြီ။ သူတို့မှာ ရှိနှင့်ပြီးသား စာမူအပိုင်းအစနဲ့ ဆက်စပ်ကြည့်လို့ ရတယ်တဲ့"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဒီလိုဆိုရင် သူ အသတ်မခံရခင် အချိန်အထိ တစ်ချိန်လုံး အလုပ်ကြိုးစား လုပ်နေတာပေါ့။ ကနေဒါကို သွားဖို့ရက်ကလဲ ဖင်နားကပ်နေပြီ ဆိုတော့ သူရိန့်လဲ အသည်းအသန် အလုပ်လုပ်နေရပုံပဲ။ အရင်ကဆို အကြောင်းပြချက် မျိုးစုံပြပြီး စာမူကို နေ့ရွှေ့ညရွှေ့နဲ့ အချိန်ဆွဲနေတတ်တာ စာအုပ်တိုက်တွေတောင် စိတ်မရှည်တော့ဘူး"

"ထူးဆန်းနေတာ တစ်ခုတော့ ရှိတယ်"

ဝေဖြိုးက ညာဘက်လက်ကို စားပွဲပေါ် တင်လိုက်ပြီး ခါးကို မတ်မတ်ဆန့်ရင်း ပြောတယ်။

"ဘာထူးခြားလို့လဲ"

"စာမျက်နှာအရေအတွက်။ တစ်မျက်နှာကို စာလုံးရေ ၄၀၀ ရှိတယ်ပဲထား၊ ဒါဆို သူ ရေးပြီးတာက စုစုပေါင်း ၂၇ မျက်နှာ။ မလင်းလင်းမော် ပြန်သွားပြီး ၅ နာရီကတည်းက စရေးတယ် ဆိုရင်တောင် သိပ်များလွန်းနေတယ်။ ဦးသူရိန်အနေနဲ့ တစ်နာရီကို ၄ မျက်နှာကနေ ၆ မျက်နှာအထိပဲ ရေးနိုင်လိမ့်မယ်လို့ ဆရာ မနေ့ညက ပြောခဲ့တယ်နော်"

"၂၇ မျက်နှာ ... အတော်များတာပဲ"

ကျွန်တော် သူရိန့်ရဲ့ အိမ်ရှေ့ရောက်တော့ ည ၈ နာရီ။ အဲဒီ မတိုင်ခင်အထိ သူ အသက်ရှင်လျက် ရှိနေသေးတယ် ဆိုရင်တောင် တစ်နာရီကို ၉ မျက်နှာ အပြီးရေးရမှာ။

"ဒါဆို"

ကျွန်တော် ပြောလိုက်တယ်။

"သူ ညာပြောတာပဲ နေမှာ"

"ညာတယ် ..."

"သူ မနေ့ နေ့ခင်းကတည်းက စာမျက်နှာ ၁၀ မျက်နှာ သို့မဟုတ် မျက်နှာ ၂၀ ရေးပြီးသား နေမှာ။ သူ့ရဲ့ ဝသီအတိုင်း သူ တစ်လုံးမှ မရေးရသေးဘူးလို့ ပြောတာ ဖြစ်မယ်"

"စာအုပ်တိုက်ကလဲ အဲဒီလိုပဲ ထင်ကြတယ်"

"ဖြစ်လောက်တယ်" ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဒါပေမဲ့ သူ့ဇနီး အပြင်ထွက်ခါနီးမှာ သူက ညဥ့်နက်မှပဲ ဟိုတယ်ကို ပြန်လာနိုင်တော့မဲ့အကြောင်း ပြောလိုက်သေးသတဲ့။ နောက်အကျဆုံး ၈ နာရီ အထိပဲထား၊ သူ စာမျက်နှာ ၂၇ မျက်နှာ ရေးပြီးနေပြီ။ (ရေခဲမုန့်ဦး) ဝတ္ထုကို နိဂုံးချုပ်ဖို့ နောက်ထပ် စာမျက်နှာ သုံးဆယ် လိုမယ် ဆိုရင် သူ့ အလုပ်က ပြီးသလောက် နီးနီးပဲပေ့ါ။ အချိန်မလောက်လို့ အမီ မရေးနိုင်ဘူး ဆိုတာက နားလည်လို့ ရသေးတယ်။ အခုလို အလောတကြီး အမြန် ရေးပြီး သွားတာမျိုး ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ခြေ ရှိပါတယ်။ စာရေးတယ် ဆိုတာမျိုးကလဲ ကုန်ထုတ် လုပ်ငန်းလိုမျိုးမှ မဟုတ်ဘဲ။ တကယ်လို့ အာရုံမလာဘူး၊ မူ မဝင်ဘူး ဆိုရင် စားပွဲရှေ့ နာရီပေါင်းများစွာ ထိုင်နေလဲ တစ်လုံးမှ ထွက်လာမှာ မဟုတ်ဘူး။ အဲ ... မူ ကောင်းကောင်း ဝင်ပြီ ဆိုရင်တော့ တစ်ခဏလေးနဲ့လဲ အများကြီး ရေးပြီးသွားနိုင်တာပဲ"

"ဦးသူရိန်အတွက် ဆိုရင်ကော ..."

"စာရေးဆရာတိုင်းလိုလိုက အဲဒီလိုပဲလေ"

"ဩော် .... ကျွန်တော်ကတော့ ဆရာတို့ရဲ့ စာပေလောကအကြောင်း သိပ်နားလည်တာ မဟုတ်ဘူး"

ဝေဖြိုးက ခပ်မတ်မတ် ပြင်ထိုင်လိုက်တယ်။

"ငါ နားမလည်နိုင်တာက မင်းတို့ ဘာဖြစ်လို့ ဒီစာမျက်နှာ အရေ အတွက်နဲ့ ခေါင်းရှုပ်ခံနေရတာလဲ ဆိုတာပဲ" ကျွန်တော် ပြောလိုက်တယ်။ "သန္တာ အိမ်က ထွက်သွားတဲ့ အချိန်အထိ သူရိန်ရဲ့ အခန်းဆက်ဝတ္ထုက ၈ မရေးရသေး ဘူး။ ဒါပေမဲ့ အလောင်းကို တွေ့တဲ့အချိန်မှာ ဝတ္ထုက ရေးပြီးသလောက် ရှိနေပြီ၊ ဆိုတော့ .... သူရိန် အသတ်မခံရခင် နောက်ဆုံး အချိန်အထိ သူ အလုပ်လုပ်နေ ခဲ့တယ်။ ဒီလိုပဲ ကောက်ချက်ဆွဲရမယ် မဟုတ်ဘူးလား"

"ဟုတ်ချင် ဟုတ်မှာပေ့ါလေ"

ဝေဖြိုး ခေါင်းတစ်ချက် ညိတ်လိုက်ပေမယ့် ကျေနပ်သေးပုံတော့ မရဘူး။

ဒီလို မှုခင်းထောက်လှမ်းရေး ရဲတစ်ယောက်နဲ့ အနီးကပ် ပေါင်းသင်း ဆက်ဆံမိတော့မှ မှုခင်းရဲတွေက ဘယ်နေရာမှ လစ်လပ်မကျန်မိအောင် အတော် စေ့စေ့စပ်စပ် လေ့လာသုံးသပ်ကြပါလားလို့ သဘောပေါက်လာမိတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


စားပွဲထိုးက ထမင်း၊ ဟင်းတွေ လာချတော့ ကျွန်တော်တို့လည်း ခဏ နှုတ်ဆိတ်သွားကြတယ်။

"ဒါနဲ့ သူရိန်ရဲ့ ရုပ်အလောင်းက ဘယ်လိုလဲ"

ကျွန်တော် မေးလိုက်တယ်။

"မင်း ပြောတော့ ရင်ခွဲကြည့်မှာ ဆို"

"ဒီနေ့ လုပ်ပြီးသွားပြီ"

ပြောပြီးတော့ ဝေဖြိုးက သူ့အဖော် ရဲဘက် လှမ်းကြည့်တယ်။

"ခင်ဗျား သွားကြည့်တယ် မလား"

"ဟင့်အင်း မသွားဘူး။ ကျွန်တော်သာ သွားကြည့်ရင်ဗျာ၊ အခု ဘယ်လို လုပ်ပြီး စားဝင်တော့မလဲဗျ"

ရဲသားလေးက အသားတုံးကို ခက်ရင်းနဲ့ ထိုးနေရင်း မျက်မှောင်ကြုတ် ပြတယ်။

"ဒါလဲ ဟုတ်တာပဲ"

ဝေဖြိုးက မချိပြုံးပြုံးရင်း–

"ဘာဖြစ်လို့ ရင်ခွဲတဲ့ ကိစ္စကို မေးရတာလဲ ဆရာ"

"ဘာရယ် မဟုတ်ပါဘူး။ ငါ စဉ်းစားနေတာ။ မင်းတို့ သေဆုံးချိန်ကို တွက်ဆလို့ ရနိုင်ပြီလား လို့"

"ကျွန်တော် အစီရင်ခံစာကို မဖတ်ရသေးဘူး။ ဒါပေမဲ့ ရဖို့ များပါ တယ်"

"တိကျနိုင်ပါ့မလား"

"ဘာကို အခြေခံပြီး တွက်ဆမလဲ ဆိုတာအပေါ် မူတည်တာပေါ့။ ဥပမာ ...."

သူက ပြောနေရင်း ရပ်သွားပြီး ခေါင်းတခါခါနဲ့–

"တော်ပြီ၊ ဆက် မပြောတာပဲ ကောင်းမယ်"

"ဘာလို့လဲ"

"ဆရာ့ ဟင်းလျာတွေ အရသာ ပြောင်းသွားလိမ့်မယ်"

သူက ကျွန်တော့် ဟင်းပန်းကန်ကို လက်ညှိုးထိုးလိုက်တယ်။

"ဟုတ်တာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

"မမေးတော့တာပဲ ကောင်းပါတယ်"

ဝေဖြိုးကလည်း ခေါင်းကို ခပ်ပြင်းပြင်း ညိတ်လိုက်တယ်။ ထမင်းစားနေစဉ်အတွင်း သူက လူသတ်မှုနဲ့ ပတ်သက်တာတွေ မပြောတော့ဘဲ လူငယ်စာပေနဲ့ ပတ်သက်တာပဲ မေးနေတော့တယ်။ ဥပမာ – အခု ဘယ်စာအုပ်တွေ လူကြိုက်များနေသလဲ၊ ကလေးတွေ စာဖတ်တဲ့ အလေ့အထ နည်းလာတာနဲ့ ပတ်သက်ပြီး ဘယ်လို မြင်သလဲ စသည်ဖြင့်ပေါ့။ ကျွန်တော်က ရှင်းပြလိုက်ပါတယ်။ ကလေးတွေ စာအုပ် မဖတ်ချင်တာက သူတို့မိဘတွေနဲ့ အဓိက သက်ဆိုင်တယ် ဆိုတာပေါ့။

"လွယ်လွယ်ပြောရရင် ဒီခေတ် မိဘတွေက သူတို့ကိုယ်တိုင်လဲ စာအုပ် မဖတ်ကြတော့ဘူး။ ဒါပေမဲ့ ကလေးတွေကိုကျ အတင်း ဖတ်ခိုင်းနေတယ်။ ကိုယ်တိုင်ကမှ စာအုပ်ဖတ်တဲ့ အလေ့အထ မရှိတော့ ကလေးတွေကို ဘာစာအုပ် ဖတ်ခိုင်းရမယ်မှန်းလဲ မသိကြဘူး။ ဒီတော့ ပညာရေးဌာနက ထုတ်တဲ့ စာအုပ်တွေကိုပဲ ကောင်းနိုးနိုးနဲ့ အတင်း ဇွတ်ဖတ်ခိုင်းရော။ သိတဲ့ အတိုင်းပဲ၊ ဌာနက ထုတ်တဲ့ စာအုပ်တွေဆိုတာ စိတ်ဝင်စားစရာ ကောင်းတာမှ မဟုတ်တာ။ ဒီတော့ ကလေးတွေက စာအုပ်မြင်ရင်ကိုပဲ ကြောက်လန့်ကုန်တာပေါ့"

ကျွန်တော် သုံးသပ်ပြတာကို ရဲသားကြီးနှစ်ယောက်က စားနေရင်း နားထောင်နေကြတယ်။ ဘယ်အတိုင်းအတာထိ နားလည်သွားသလဲတော့ မပြောတတ်ပါဘူး။

ထမင်းစားလို့ ပြီးတော့ ကော်ဖီတစ်ခွက်စီနဲ့ ငြိမ့်နေကြတယ်။

"ဆရာ၊ တစ်လိပ်လောက် သုံးဆောင်ပါဦး"

ဝေဖြိုးက ဆေးလိပ်ဘူးကို ဖွင့်လျက်နဲ့ ကျွန်တော့်အရှေ့ ထိုးပေးတယ်။

"မသောက်တော့ပါဘူး"

ကျွန်တော် ပြောလိုက်တယ်။

"ဗျာ၊ ဆရာ ဆေးလိပ် ဖြတ်ထားတာလား"

"အင်း နှစ်နှစ်ရှိပြီ။ ဆရာဝန်က မသောက်ခိုင်းဘူး။ အစာအိမ် မကောင်းလို့တဲ့"

"ဒီလိုမှန်းသိရင် ကျွန်တော် အပြင်ထွက် သောက်ပါတယ်ဗျာ"

mgyoe.com

သူက အားတောင့်အားနာနဲ့။

"ကျွန်တော်က စာရေးဆရာတိုင်း ဆေးလိပ် သောက်တယ် ထင်နေတာ။ ဦးသူရိန်ကလဲ ဆေးလိပ်ချိုးပဲ မဟုတ်လား"

"ဟုတ်တယ်။ သူ အလုပ်လုပ်ရင် တစ်ခန်းလုံး မီးခိုးတွေ မွှန်ထူနေတာပဲ။ မသိတဲ့သူက ခြင်နိုင်ဆေးငွေ့ ဖျန်းထားတယ် ထင်ကြမှာ"

"မနေ့ည အလောင်းကို တွေ့တုန်းကကော ဘယ်လိုလဲ။ အခန်းထဲ မီးခိုးတွေ အူမနေဘူးလား"

"အဲဒီတုန်းက စိတ်တွေ ရှုပ်ထွေးနေတာကွာ။ ခဏ စဉ်းစားပါရစေဦး"

ကျွန်တော် ကော်ဖီတစ်ကျိုက် မော့သောက်လိုက်ပြီး–

"မီးခိုး နည်းနည်းတော့ ရှိမယ် ထင်တယ်။ ဟုတ်တယ် ဟုတ်တယ်။ နည်းနည်း ရှိတယ်"

ဝေဖြိုးက သူ့မှတ်စုစာအုပ်ကို ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်ပြီး–

"ကျွန်တော် အတည်ပြုချင်တဲ့ ကိစ္စတစ်ခု ရှိနေသေးတယ်။ ဆရာ ဦးသူရိန် အိမ်ကို ၈ နာရီရောက်တယ် ဆိုတာနဲ့ ပတ်သက်လို့ပေါ့"

"အင်း"

"အဲဒီတုန်းက လူခေါ်ခေါင်းလောင်း တီးလို့ ဘယ်သူမှ ထွက်မလာဘူး။ အိမ်ထဲမှာလဲ မှောင်မည်းနေတာနဲ့ သူ့ဇနီး ဒေါ်သန္တာရှိတဲ့ ဟိုတယ်ဆီ ဆရာ ဖုန်းဆက်လိုက်တယ်။ အဲဒီလို မဟုတ်လား"

"ဟုတ်တယ်"

"အခန်းထဲမှာ"

ဝေဖြိုးက ကျွန်တော့်ကို သေချာစိုက်ကြည့်ပြီး–

"လုံးဝ မည်းမှောင်နေတာပဲ ဆိုတာ သေချာလား ဆရာ"

"လုံးဝ မှောင်နေတာ။ သေချာတယ်"

ကျွန်တော် သူ့မျက်လုံးကို ကြည့်ပြီး ပြန်ဖြေလိုက်တယ်။

"ဒါပေမဲ့ ခြံတံခါးကနေ ဆိုရင် အလုပ်ခန်း ပြတင်းပေါက်ကို မြင်ရတာ မဟုတ်ဘူးလေ။ ဆရာ ခြံထဲ ဝင်ကြည့်သေးတာလား"

"ဟင့်အင်း။ ဒါပေမဲ့ အလုပ်ခန်းမီးတွေ ဖွင့်မထားပါဘူး။ ခြံတံခါးကနေ ကိုယ်လေး နည်းနည်း ယို့ပြီး ကြည့်လိုက်ရင် သိနိုင်ပါတယ်"

mgyoe.com

“ဩော်”

ဝေဖြိုးရဲ့ အမူအရာက သံသယ ရှိနေသေးပုံ။

“အလုပ်ခန်းရဲ့ ပြတင်းပေါက်နားမှာ ပိတောက်ပင်ကြီး တစ်ပင် ရှိတယ်။ တကယ်လို့ အခန်းမီး လင်းနေမယ် ဆိုရင် အဲဒီ အပင်ကြီးရဲ့ ပိတောက်ပွင့်တွေကို ကောင်းကောင်း မြင်နေရမှာ”

“ဟုတ်တာပေါ့”

ဝေဖြိုးတို့ နှစ်ယောက်လုံး အပြန်အလှန် ခေါင်းညိတ်ရင်း–

“အခုမှ သဘောပေါက်တယ်”

“ဒီကိစ္စက သိပ် အရေးကြီးလို့လား”

“မဟုတ်ပါဘူးဗျာ၊ အလုပ်သဘောပေါ့။ ဒီလို ကိစ္စမျိုးလေးတွေကို တောင် သေသေချာချာ မတင်ပြနိုင်ရင် အထက်က ကျွန်တော်တို့ကို ထောင်းလိမ့်မယ်ဗျ”

“သိပ်တင်းကျပ်တာပါလား”

“ဘယ်အလုပ်မှာမဆို ဒီလိုပါပဲဗျာ”

ဝေဖြိုးရဲ့ မျက်လုံးမှာ အတိတ်တွေ ရစ်ဝဲလျက် ပြုံးပြတယ်။

“ဒါနဲ့ အမှုစစ်ဆေးနေတာ ဘယ်လိုလဲ။ သဲလွန်စ အသစ်တွေ ရပြီလား”

ကျွန်တော်က ရဲဘော်နှစ်ယောက်စလုံးကို ဝေ့ကြည့်လိုက်ပြီး ဝေဖြိုးဆီမှာ အကြည့်တွေ ရပ်ထားလိုက်တယ်။

“အခုမှ စလုံးရေ စ ပဲ” ဝေဖြိုးက တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ဖြေတယ်။ ဒါတွေက မှုခင်းလျှို့ဝှက်ချက်တွေပါ ဆိုတဲ့ အထာမျိုးနဲ့။

“တီဗွီသတင်းမှာတော့ မစီစဉ်ထားဘဲ လူသတ်မှုက ရုတ်တရက် ဖြစ်ပေါ်တာလို့လို့ ပြောနေကြတယ်။ သူခိုးက တစ်ခုခု ခိုးဖို့ အိမ်ထဲ ခိုးဝင်ပြီး သူရိန်နဲ့ မထင်မှတ်ဘဲ ရုတ်တရက် ထိပ်တိုက်ဆုံမိကြလို့ မတော်တဆ လူသတ်မှု ဖြစ်သွားတယ်လို့ ထင်ကြေး ပေးနေကြတယ်”

“လုံးဝ မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး”

“ဒါပေမဲ့ ဒီကောက်ချက်ကို ခင်ဗျား လုံးဝ မယုံနိုင်သေးဘူး မဟုတ်လား” ရဲသားလေးက ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်တယ်" ဝေဖြိုးက သူ့ရဲဘော်ကို တစ်ချက် စွေကြည့်လိုက်ပြီး "ကျွန်တော့် အမြင်အရတော့ အဲဒီလို ဖြစ်နိုင်ခြေက တော်တော်နည်းတယ်"

"ဘာဖြစ်လို့လဲ"

"များသောအားဖြင့် ဖောက်ထွင်းဝိဇ္ဇာ အတော်များများက တံခါးမကြီးကနေပဲ ဝင်ကြတာ များတယ်။ ဒါမှ အခြေအနေ မကောင်းရင်လဲ တံခါးမကြီးကနေပဲ လွယ်လွယ်နဲ့ ပြန်ထွက်လို့ရမှာ။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ၊ တံခါးမကြီးက သော့ခတ်ထားတယ်"

"သူခိုးတွေက အိမ်ထဲဝင်သွားပြီး သူတို့ဘာသာ ပြန်ပိတ်လိုက်တာမျိုးကော မဖြစ်နိုင်ဘူးလား"

"တံခါးမကြီးကို လော့ချဖို့ ဆိုရင် အိမ်ထဲကနေ ပိတ်ချင်ပိတ်၊ ဒါမှမဟုတ် အပြင်ကနေမှ သော့နဲ့ ပိတ်ရမယ်။ တံခါးသော့က စုစုပေါင်း သုံးချောင်း ရှိတယ်။ နှစ်ချောင်းက ဒေါ်သန္တာ့ဆီမှာ။ တတိယအချောင်းက ဦးသူရိန်ရဲ့ ဘောင်းဘီအိတ်ထဲမှာ"

"ဒါပေမဲ့ သူခိုးက ပြတင်းပေါက်ကနေ ကျော်ဝင်လာတာမျိုးလည်း ရှိနိုင်တာပဲ မဟုတ်လား"

"မှန်တာပေါ့။ ဒါပေမဲ့ သူတို့တွေက တစ်အိမ်အိမ်ကို မဖောက်ထွင်းခင်မှာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရသေးတယ်လေ။ ခိုးမဲ့အိမ်ကို ပထမဆုံး သတ်မှတ်ရမယ်။ ပြီးတော့ အဲဒီအိမ်ရဲ့ လူဝင် လူထွက်နဲ့ ပတ်ဝန်းကျင် အခြေအနေတွေ၊ လမ်းသွားလမ်းလာ စသည်ဖြင့် သူတို့ မလှုပ်ရှားခင် ကြိုတင်ပြီး လေ့လာထားကြရတာကိုး"

"ဒီတော့ မဖြစ်နိုင်ဘူးလို့ ပြောစရာ ရှိလို့လား"

"အင်း"

ဝေဖြိုးက သွားပေါ်အောင် ပြုံးလိုက်ပြီး–

"တကယ်လို့သာ တစ်ဦးတစ်ယောက်က ကြိုတင်လေ့လာထားမယ်ဆိုရင် ဒီအိမ်ထဲမှာ ခိုးချင်စရာ တန်ဖိုးကြီးကြီး ဘာတစ်ခုမှ မရှိတော့ဘူး ဆိုတာ ကြိုသိနေမှာပဲ"

"ဟုတ်တာပေါ့"

ကျွန်တော် ပါးစပ်ဟလျက်သားနဲ့ သူတို့ နှစ်ယောက်ကို ကြည့်နေမိတယ်။ သူတို့ကတော့ ပြုံးလျက်။

mgyoe.com

"ကျွန်တော် ထင်တာက ...."

ဝေဖြိုးက ဆက်မပြောသေးဘဲ တစ်ချက် တွေဝေပြီးခါမှ–

"လူသတ်သမားဟာ သူ့ကို သိတဲ့ သူပဲ ဖြစ်ရမယ်"

"ကြည့်၊ အဖြေထွက်လာပြီ မဟုတ်လား"

"ဒီစကားကို ဒီမှာပဲ ရပ်ကြစို့ရဲ့"

ဝေဖြိုးက လက်ညှိုးကို ထောင်ရင်း နှုတ်ခမ်းကို ပိတ်ပြလိုက်တယ်။

"အား .... သဘောပေါက်တယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

ခဏနေတော့ သူက ရဲဘော်လေးကို မျက်စတစ်ချက် ပစ်ပြလိုက်တော့ ရဲဘော်လေးက ဘေလ်ကို ကိုင်ပြီး မတ်တတ် ထရပ်လိုက်တယ်။

"ငါ ညှော်ခံပါရစေကွာ"

"မလုပ်ပါနဲ့"

ဝေဖြိုးက လက်နဲ့ လှမ်းတားရင်း–

"ကျွန်တော်တို့က မဖိတ်ဘဲ ရောက်လာကြတာလေ"

"အားနာစရာကြီး"

"ကိစ္စမရှိပါဘူး ဆရာ"

ရဲဘော်လေး ကောင်တာမှာ ငွေရှင်းနေတာကို ကျွန်တော် စိုက်ကြည့်နေမိတယ်။ နည်းနည်းကြာတော့ စိတ်ထဲမှာ ထူးဆန်းသလိုလို ဖြစ်လာတယ်။ ကြာသင့်တာထက် ပိုကြာနေပြီး ရဲဘော်လေးက ကောင်တာမှာ ကောင်မလေးနဲ့ စကားပြောနေတယ်။ ကောင်မလေးက ကျွန်တော့်ကို လှမ်းကြည့်နေရင်းနဲ့ သူ မေးနေတာကို အဖြေပေးနေသလိုလို။

"ဆောရီးပါ ဆရာ"

ဝေဖြိုးက တစ်ချိန်လုံး ကျွန်တော့်ကိုပဲ စိုက်ကြည့်နေခဲ့တာကိုး။ အမူအရာ တစ်ချက် မပျက်ဘဲ–

"ဆရာ့အတွက် အလီဘိုင် သေချာအောင်လို့ပါ"

"ငါ့အတွက် ..."

"ဟုတ်ပါတယ်"

သူ ခပ်ပြုံးပြုံးနဲ့–

mgyoe.com

mgyoe.com

"ကျွန်တော်တို့ ရင်သွေး စာအုပ်တိုက်က ကိုဦးဆီ ဆက်သွယ်ပြီး အတည်ပြုပြီးပါပြီ။ ဒါပေမဲ့ ရဲဌာနအနေနဲ့ ရနိုင်သမျှ သက်ဆိုင်တဲ့ သက်သေ အထောက်အထားတွေ စုစည်းပေးရတာကြောင့်ပါ။ ခွင့်လွှတ်ပါ ဆရာ"

"ဒါကြောင့် ဒီဆိုင်ကို ရွေးရတာလား"

"မနေ့က လာတဲ့ အချိန်နဲ့သာ မတူခဲ့ရင် စားပွဲထိုးကလဲ တခြားတစ်ယောက် ပြောင်းချင် ပြောင်းသွားမှာ"

"သိပ်ဟုတ်တဲ့ ကောင်ပဲကွာ"

ကျွန်တော့် ရင်ထဲကလည်း ချီးကျူးနေမိတယ်။

ရဲသားလေး ပြန်ရောက်တော့ ဝေဖြိုးက မေးလိုက်တယ်။

"အချိန်တွေက ယုတ္တိယုတ္တာ ရှိတယ် မဟုတ်လား"

"ဟုတ်၊ ရှိပါတယ်"

"သိပ်ကောင်းတာပေါ့"

ပြောပြီး ဝေဖြိုးက စိတ်လက်ပေါ့ပါးစွာ ကျွန်တော့်ကို မျက်စိတစ်ဖက်မှိတ်ပြတယ်။

ကျွန်တော်တို့ စားသောက်ဆိုင်ကနေ ထွက်လာကြပြီး မကြာခင်မှာ ဒီအဖြစ်အပျက်ကြီး တစ်ခုလုံးကို မှတ်တမ်းရေးထားတဲ့ အကြောင်း ကျွန်တော်ပြောပြလိုက်မိတယ်။ ဝေဖြိုးက အတော် စိတ်ဝင်စားသွားပုံပဲ။ တကယ်လို့သာ မှတ်တမ်းအကြောင်း မပြောဖြစ်ခဲ့ရင်တော့ ဝေဖြိုးတို့နှစ်ယောက်နဲ့ တိုက်အောက်မှာတင် လမ်းခွဲပြီး ကိုယ့်အိမ်ကိုယ် ပြန်ကြရုံပဲပေါ့။

"ဒီလို အတွေ့အကြုံမျိုးက ဒီတစ်သက် နောက်တစ်ခါ ထပ်ရဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ ဒါကြောင့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ မှတ်တမ်းတင်ထားမယ် စိတ်ကူးမိတာ။ စာရေးဆရာ တစ်ယောက်ရဲ့ မနေနိုင်မထိုင်နိုင်တဲ့ ဉာဉ်တစ်ခုလို့ပဲ သဘောထားလိုက်ပေါ့ကွာ"

ကျွန်တော် အဲဒီလို ပြောလိုက်တော့ ဝေဖြိုးက ဘာတွေ စဉ်းစားနေသလဲ မသိဘူး။ ငြိမ်နေပြီး တစ်ခဏ ကြာတော့မှ –

"ကျွန်တော် ဖတ်ကြည့်လို့ ရမလား"

"ကြည့်ချင်တယ် ... မင်းက ... မဖြစ်ဘူး၊ မဖြစ်ဘူး။ ငါက သူများဖတ်ရအောင် ဆိုပြီး ရေးထားတာမျိုးမှ မဟုတ်ဘဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"လုပ်ပါဗျာ"

သူ တောင်းတောင်းပန်ပန်နဲ့။

"ချမ်းသာပေးပါကွာ။ ငါ ရေးထားတဲ့ အကြောင်းအရာတွေကလဲ စောနက အကုန်လုံး ဆွေးနွေးခဲ့ပြီးသားပဲကို"

"ကိစ္စမရှိပါဘူးဗျာ"

"တကယ် မနိုင်ဘူးပဲ"

ကျွန်တော် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး–

"ဒါဆိုလဲ အပေါ်လိုက်ခဲ့ပြီး ခဏထိုင်ကြဦး။ မိတ္တူ ဆွဲပေးလိုက်မယ်"

"ကျေးဇူးပါ ဆရာ"

ဝေဖြိုးက ပြောတယ်။

အခန်းပြန်ရောက်တော့ ကျွန်တော်က မိတ္တူစက် ဖွင့်လိုက်တယ်။ ဝေဖြိုးက ဟိုကြည့် ဒီကြည့်နဲ့။

"ဆရာက လက်နှိပ်စက် သုံးတုန်းလား"

"ဟုတ်တယ်"

"ဦးသူရိန်က ကွန်ပျူတာ သုံးနေပြီနော်"

"သူက ခေတ်မီချင်တဲ့ သူလေ"

ကျွန်တော်က ပြောလိုက်တယ်။

"အင်တာနက် သုံးမယ်၊ အီးမေးလ် ပို့မယ်။ အွန်လိုင်းဂိမ်း ဆော့မယ်။ သူကတော့ ဘာလုပ်လုပ် ကွန်ပျူတာနဲ့ပဲ"

"ဆရာကော ကွန်ပျူတာ မသုံးဘူးလား"

"ဒါဆိုရင်ပဲ လုံလောက်ပါပြီ"

"စာမူတွေကို အိမ်အထိ လာယူကြတာလား။ စာအုပ်တိုက်က လူတွေ လေ"

"မဟုတ်ဘူး။ များသောအားဖြင့် Fax နဲ့ပဲ ပို့ဖြစ်တာပါ"

ကျွန်တော် အခန်းထောင့်က Fax ကို လက်ညှိုး ထိုးပြလိုက်တယ်။

"မနေ့ကတော့ စာအုပ်တိုက်က လူကိုယ်တိုင် လာယူသွားတယ်နော်"

ဝေဖြိုး ခေါင်းထောင် ကြည့်တယ်။ ကျွန်တော် စိတ်ထင်လို့ပဲလား မသိဘူး။ သူ့မျက်လုံးထဲမှာ နက်နဲတဲ့ ပဟေဠိတစ်ခု ရှိနေသလိုပဲ။ ဝေဖြိုး ပြောခဲ့တဲ့

mgyoe.com

mgyoe.com

စကားတစ်ခွန်းကို ကျွန်တော် အမှတ်ရနေတယ်။ လူသတ်သမားက သူရိန်ရဲ့ အသိမိတ်ဆွေထဲက တဲ့။

"လူချင်းတွေ့ပြီး ဆွေးနွေးကြရတာမျိုးတွေ ရှိတတ်တယ်လေ။ ဒါကြောင့်လဲ မနေ့က အိမ်ကို တကူးတက ခေါ်တွေ့ပြီး စာမူအပ်ရတာ"

ဝေဖြိုးက ကျွန်တော့် ရဲ့ အဖြေကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ရင်း တုံဏှိဘာဝေ လုပ်နေတယ်။

အကုန်လုံး မိတ္တူဆွဲပြီးတော့ သူ့ကို လှမ်းပေးလိုက်တယ်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းကို မပြောမိတဲ့ အကြောင်းအရာ တစ်ခု ရှိတယ်"

"တကယ် ..."

ဝေဖြိုးက အံ့သြသွားတဲ့ ပုံမျိုးတော့ မဟုတ်ဘူး။

"မင်း ဖတ်ကြည့်ရင် တွေ့ပါလိမ့်မယ်။ အမှုနဲ့ မပတ်သက်ဘူး ထင်လို့ မပြောခဲ့မိတာ။ သူစိမ်းတစ်ယောက်အပေါ် မလိုအပ်ဘဲ သံသယ မဖြစ်စေချင်တာ လဲ ပါပါတယ်"

ကျွန်တော် ဆိုလိုတာက သူရိန်နဲ့ ကြောင် ကိစ္စလေ။

"ကျွန်တော် နားလည်ပါတယ်။ ဒီလိုမျိုးတွေ ရှိလိမ့်ဦးမယ်လို့လဲ မျှော်လင့်ထားပြီးသားပါ"

မှတ်တမ်းစာရွက်တွေကို လှမ်းယူပြီး နှုတ်ဆက် ထွက်ခွာ သွားကြတယ်။ သူတို့ ထွက်သွားတာနဲ့ ဒီနေ့တစ်နေ့တာ ဖြစ်ပျက်ခဲ့သမျှကို ကျွန်တော် ဆက်ပြီး ချရေးလိုက်တယ်။ နောက်ရက်တွေ အတွက်လည်း သူတို့ ဖတ်ချင် ဖတ်နေဦးမှာ။ သူတို့ ဖတ်ဖတ် မဖတ်ဖတ်၊ အဲဒီအကြောင်း မတွေးတာပဲ ကောင်းမယ် ထင်တယ်။ တွေးနေလည်း ဘာထူးမှာမို့လဲ။

■

အခင်းဖြစ်ပြီး နှစ်ရက်ကြာတော့ သူရိန်ရဲ့ နာရေးအခမ်းအနားကို ဆေးရုံကြီး ထဲက မွှာရုံမှာ ကျင်းပကြတယ်။ မွှာရုံကကြီးလို့ တော်ပါသေးတယ်၊ လာလိုက် ကြတဲ့ အသုဘရှု ပရိသတ်က နည်းနည်းနောနော မဟုတ်ဘူး။ စာအုပ်တိုက်

mgyoe.com

mgyoe.com

တွေက လူတွေရော၊ တခြား တခြားသော ဧည့်ပရိသတ်တွေရော ပြည့်ကျပ်ညပ်နေတယ်။ အဲဒီအထဲမှာ ရုပ်သံလွှင့်ဌာနက လူတွေရော ပါတာပေါ့။ သတင်းထောက်တွေ၊ ကင်မရာမင်းတွေကအစ ဝမ်းနည်းကြေကွဲနေတဲ့ မျက်နှာပေးတွေနဲ့။ သူတို့ရဲ့ မျက်လုံးတွေက သားကောင်ချောင်းနေတဲ့ ကျားရဲ့မျက်လုံးတွေလို ဧည့်သည် တစ်ယောက်ယောက်ကများ မျက်ရည်ကျလိုက်မိရင် ကင်မရာကို ထမ်းပြီး သူ့ဆီ အပြေးအလွှား သွားကြတော့တာပဲ။

ကျွန်တော်လည်း ရုပ်အလောင်းကို အနီးကပ် အသုဘရှုပြီး အသက်ရှူချောင်မယ့် တစ်နေရာကနေ လာသမျှ ဧည့်ပရိသတ်ကို အကဲခတ်နေမိတယ်။ သရုပ်ဆောင်လောကက မင်းသား၊ မင်းသမီးတချို့ကို မြင်ရမှ သူရိန်ရဲ့ ဝတ္ထုတချို့ ရုပ်ရှင်ဖလင်ကားအဖြစ် အသွင်ပြောင်းခဲ့ဖူးကြောင်း သတိရတော့တယ်။

ဘုန်းကြီးတွေ သရဏဂုံတင်၊ ရေစက်ချအပြီးမှာ အနက်ရောင် အပေါ်အောက် ဝမ်းဆက်နဲ့ သန္တာက အသုဘရှုလာကြတဲ့ ပရိသတ်ကို တစ်ဖွဲ့ချင်းစီ ကျေးဇူးတင်စကား လိုက်ပြောနေတယ်။ မပြုံးမရယ်ဘဲ တည်တည်ငြိမ်ငြိမ် ဧည့်ခံစကား ဆိုနေတဲ့ သန္တာကို မြင်ရသူတိုင်းက တည်ငြိမ်မှုရဲ့ နောက်ကွယ်မှာ ဖုံးအုပ်နေတဲ့ ဝမ်းနည်းပူဆွေးမှုကို မခံစားရဘဲ နေကြမှာ မဟုတ်ဘူး။

အခေါင်းကို စပြီး သယ်ကြလို့ ဧည့်သည်တွေ ဓမ္မာရုံထဲက ရုတ်ရုတ်သဲသဲ ထွက်လာပြီဆိုမှ လူအုပ်ကြားထဲမှာ လုံးဝ ထင်မှတ်မထားတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။

သူက ဓမ္မာရုံ လှေကားရင်း ရောက်နေပြီ။ ကျွန်တော် သူ့ကို လှမ်းခေါ်လိုက်တယ်။

"မလင်းလင်းမော်"

မလင်းလင်းမော်က တစ်ချက် တုံ့သွားပြီး နောက်လှည့်ကြည့်တယ်။

"ရှင်က ...."

"ဟိုးရှေ့တစ်ရက်က ကျွန်တော်တို့ သူရိန်အိမ်မှာ ဆုံဖူးကြတယ်လေ"

"ဪ ... ကျွန်မ မှတ်မိပြီ"

"ကျွန်တော်က သူရိန်ရဲ့ သူငယ်ချင်းပါ။ ကျွန်တော့်နာမည် ပေါ်လွင်ပါ။ နောက်ပြီး ကျွန်တော်နဲ့ မလင်းလင်းမော်ရဲ့ အစ်ကိုနဲ့ကလဲ ကျောင်းနေဖက်တွေလေ"

mgyoe.com

mgyoe.com

"အဲဒီနေ့က ဦးသူရိန် ပြောနေတာ ကြားပါတယ်"

"ကျွန်တော် ပြောစရာလေး နည်းနည်းရှိလို့။ အချိန်ရမလား မသိဘူးဗျ"

သူက နာရီကို တစ်ချက်ကြည့်ပြီး ခပ်လှမ်းလှမ်းကိုလည်း ဝေ့ဝိုက်ကြည့်လိုက်တယ်။

"တစ်ယောက်ယောက် စောင့်နေလို့လား"

သူကြည့်နေတဲ့ ဘက်ကို လှမ်းကြည့်လိုက်တော့ စိမ်းပြာရောင် ကားလေး တစ်စီး လမ်းဘေးမှာ ရပ်ထားတာ တွေ့လိုက်တယ်။ ကားပေါ်မှာ အမျိုးသားတစ်ယောက်က ကျွန်တော်တို့ဘက် လှမ်းကြည့်လို့။

"ခင်ဗျား အမျိုးသားလား"

"မ .... မဟုတ်ပါဘူး"

သမီးရည်းစားတွေပဲ ဖြစ်ရမယ်လို့ စိတ်ထဲက ကောက်ချက် ဆွဲလိုက်တယ်။

"ဒီမှာ ပြောလဲ ရပါတယ်။ ကျွန်တော် မေးချင်တာလေး ရှိလို့ပါ"

"ဘာများပါလိမ့်"

အဲဒီနေ့က ခင်ဗျားနဲ့ သူရိန် ဘာတွေ ပြောခဲ့ကြတာလဲ"

"ဘာပြောသလဲ ... ကိစ္စဟောင်းပဲပေါ့ရှင်။ စာအုပ်တွေ အမြန်ပြန်သိမ်းပြီး တရားဝင် တောင်းပန်စာ ရေးပေးဖို့ပေါ့။ ကျွန်မအစ်ကိုနဲ့ သက်ဆိုင်တဲ့ မသတီစရာ အပိုင်းတွေကို ပြန်ပြင်ရေးပေးဖို့ပါ။ သူ ကနေဒါကို ပြောင်းသွားတော့မယ်လို့ ကြားရတယ်လေ။ ဒီတော့ ဒီပြဿနာကို ဘယ်ပုံဘယ်နည်း ဖြေရှင်းပေးမလဲ ဆိုတဲ့ ကတိစကားတစ်ခု သူ့ဆီက ခိုင်ခိုင်မာမာ ရဖို့ ကြိုးစားရတာပေါ့"

"သူရိန်က ဘယ်လို ပြောသလဲ"

"ဒီပြဿနာကို ပြေလည်စေချင်တဲ့ ဆန္ဒ သူ့မှာ ရှိပါတယ်တဲ့။ ဒါပေမဲ့ သူ ထပ်ပြောတာက ဖြစ်ပျက်ခဲ့ပြီးသား အရှိတရားကို သစ္စာမဖောက်ချင်ဘူးတဲ့လေ"

"ခင်ဗျားရဲ့ တောင်းဆိုမှုကို သဘောမတူနိုင်ဘူးလို့ ဆိုလိုတာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK


"လူတစ်ယောက်ကို သရော်စော်ကားချင်လို့ မဟုတ်ဘဲ စာပေ အနုပညာ ရသမြောက်ဖို့အတွက် ဆိုရင် သူ့ရဲ့ အတွင်းရေးတွေ ဖော်ကျူးတာကို ခွင့်မလွှတ်နိုင်စရာ အကြောင်း မရှိဘူးလို့ ယုံကြည်တယ် တဲ့"

"ခင်ဗျားကတော့ ဘယ်သဘောတူနိုင်ပါ့မလဲ"

"ဒါပေါ့"

သူ ပါးစပ်ကို တင်းတင်းစေ့ထားတယ်။

"ဒီတော့ ညှိလို့ အဆင်မပြေခဲ့ဘူး ဆိုပါတော့"

"သူက ကနေဒါမှာ အခြေတကျ ဖြစ်တာနဲ့ ကျွန်မဆီ ဆက်သွယ် လိုက်မယ် ပြောတယ်။ အဲဒီအခါကျမှ ဆက်ပြီး ဆွေးနွေးကြဖို့ သူက ကတိပေး တယ်။ သူ ပြောင်းရွှေ့ရနဲ့ တကယ်ပဲ အလုပ်ရှုပ်နေမှန်း သိတာကြောင့် ဆက်ပြီး ဖိအားပေးနေလဲ အပိုပဲလို့ ယူဆတာနဲ့ သူ့ဆန္ဒအတိုင်း သဘောတူပြီး ကျွန်မ ပြန်လာခဲ့တယ်"

သူရိန်အနေနဲ့ တခြား ဘာပြောလို့ ရမလဲဆိုတာ ကျွန်တော်လည်း စဉ်းစားလို့ မရဘူး။

"ဒါနဲ့ အိမ်တန်း ပြန်တယ်ပေါ့"

"ကျွန်မလား ... ဟုတ်ကဲ့"

"တခြားနေရာ ပတ်ဝင်တာမျိုး မရှိတော့ဘူးလား"

"ဟင့်အင်း"

သူ ခေါင်းခါပြတယ်။ မလင်းလင်းမော်က မျက်လုံး နည်းနည်း ပြူးကျယ်လာပြီး ကျွန်တော့်ကို ခပ်စူးစူးကြည့်လိုက်တယ်။

"ရှင် ကျွန်မကို တရားခံစစ် စစ်နေတာလား"

"မဟုတ်ပါဘူးဗျာ" ကျွန်တော် ခေါင်းငုံ့လိုက်ပြီး နှာခေါင်းကို ပွတ်နေ မိတယ်။ စစ်လားဆေးလား လုပ်နေတာ မဟုတ်ဘူး ဆိုရင်ကော ဘာဖြစ်နိုင် ဦးမှာလဲ။ ကိုယ့်ဘာသာကိုယ်တောင် အူကြောင်ကြောင်နဲ့။

သူက ချောင်းတစ်ချက် ဟန့်လိုက်ပြီး-

"မနေ့က ကျွန်မ မှူခင်းရဲတွေနဲ့ တွေ့ပြီးပြီ။ ဒီလို မေးခွန်းမျိုးတွေပဲ အမေးခံခဲ့ရတယ်။ ဒါပေမဲ့ သူတို့ မေးတာကတော့ ပိုပြီး စုံတာပေါ့။ ဦးသူရိန်ကို မုန်းသလား ဆိုတာမျိုးကအစ ပါတယ်"

mgyoe.com

mgyoe.com

"အမ် ...."

ကျွန်တော် သူ့မျက်နှာကို စိုက်ကြည့်ပြီး–

"အဲ့တော့ ဘယ်လို ဖြေလိုက်လဲ"

"ကျွန်မ သူ့ကို မမုန်းပါဘူး။ ဒါပေမဲ့ သေဆုံးပြီးသူ တစ်ယောက်ရဲ့ သိက္ခာကိုတော့ လေးစားစေချင်တယ်လို့ ပြောလိုက်တယ်"

"(ဘေးမဲ့မြေ) ဆိုတဲ့ စာအုပ်ကို"

ကျွန်တော် ပြောလိုက်တယ်။

"ဒီလောက် ဂရုစိုက်စရာ လိုလို့လား၊ ခင်ဗျား အစ်ကိုကို ထိခိုက်နိုင်ပါ့ မလား"

"ဘယ်သူမဆို လျှို့ဝှက်ချက် ရှိကြတာပဲရှင်။ ပြီးတော့ ဖုံးကွယ်ထား ပိုင်ခွင့်လဲ ရှိတယ်လေ။ ကွယ်လွန်သူ တစ်ယောက် အတွက်လဲ ဒီအတိုင်းပါပဲ"

"တကယ်လို့ အဲဒီ လျှို့ဝှက်ချက်က သိပ်စိတ်ဝင်စားစရာ ကောင်းပြီး လူအများ စိတ်ဝင်စားရအောင် ဖြန့်ဝေမယ် ဆိုရင်ကော အပြစ်လို့ ဆိုနိုင်ပါ့မလား"

"စိတ်ဝင်စားစရာ ..."

သူက တအံ့တသြ ကြည့်ရင်း–

"အလယ်တန်း ကျောင်းသား တစ်ယောက်က မိန်းမငယ်လေး တစ်ဦး ကို ဗလက္ကာရ ပြုတာ စိတ်ဝင်စားစရာလား"

"ပညာပေးနိုင်ဖို့အတွက် ဒါမျိုး အကြောင်းအရာတွေကို အသေးစိတ် ထည့်ရေးဖို့ တစ်ခါတလေမှာ လိုအပ်နေတတ်တယ်"

သူက သဘောမကျတဲ့ ဟန်ပန်နဲ့ သက်ပြင်းတစ်ချက် ချလိုက်ပြီး–

"ဒီမယ် ဦးပေါ်လွင်၊ ရှင်ကလဲ စာရေးဆရာပဲ ထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်က လူငယ်စာပေတွေ ရေးပါတယ်"

"ရှင် ဦးသူရိန်ဘက်ကနေ ဒီလောက် ရှေ့နေ လိုက်ပေးနေတာ ရှင် ကိုယ်တိုင်က စာရေးဆရာ တစ်ယောက် ဖြစ်လို့ ထင်ပါရဲ့"

ကျွန်တော် တစ်ချက် တွေးလိုက်ပြီး–

"ဟုတ်မလား မသိဘူးဗျ"

"အတော် အမြင်ကတ်စရာ ကောင်းတာပဲ"

mgyoe.com

 mg com SAMPLE BOOK 

သူ နာရီကို ငုံ့ကြည့်ပြီး–

"ဆောရီးပဲ၊ ကျွန်မကို သွားခွင့်ပြုပါဦး"

သူ့ကို စောင့်နေတဲ့ ကားငယ်ဆီ တန်းတန်းမတ်မတ် လျှောက်သွားတော့တယ်။

■

ကျွန်တော် တိုက်ခန်းပြန်ရောက်တော့ တံခါးရွက်မှာ စာရွက်ပိုင်းလေး တစ်စောင် ကပ်ထားတယ်။

"အရင်တစ်ခေါက်က သွားခဲ့တဲ့ ထမင်းဆိုင်မှာ ကျွန်တော် ရှိနေမယ်။ ဖုန်းဆက်ပေးပါ။ ဝေဖြိုး"

အောက်မှာ ဖုန်းနံပါတ် တစ်ခုလည်း ထည့်ရေးထားတယ်။ ထမင်းဆိုင်ရဲ့ ဖုန်းနံပါတ်ပဲ ဖြစ်လိမ့်မယ် ထင်တယ်။

ကျွန်တော် အခန်းထဲဝင်ပြီး အဝတ်အစား လဲတယ်။ ဖုန်းဆက်မနေတော့ဘဲ ထမင်းဆိုင်ဆီ တန်းသွားလိုက်တယ်။ ဝေဖြိုးက ပြတင်းပေါက်နား ကပ်နေတဲ့ ထိုင်ခုံမှာ ထိုင်ပြီး စာအုပ်တစ်အုပ် ဖတ်နေတယ်။ စာအုပ်က အဖုံးဖုံးထားတော့ စာအုပ် မျက်နှာဖုံးကို မမြင်ရဘူး။ ကျွန်တော် ဝင်လာတာမြင်တော့ မတ်တတ်ရပ်ပြီး လက်ကမ်းပေးတယ်။

"ရပါတယ်။ ထိုင်ပါ ထိုင်ပါ"

"ဒီလောက် ပင်ပန်းနေတာတောင် ဒီကို လာခိုင်းရတာ အားနာစရာပါပဲ ဆရာ"

သူက ခေါင်းကို ငုံ့လျက် ပြောတယ်။ ဒီနေ့ သူရိန်ရဲ့ အသုဘ အခမ်းအနား ရှိတာ သိထားပြီးပုံပဲ။

ကျွန်တော်က စားပွဲထိုးဆီ နွားနို့တစ်ခွက် မှာပြီး ထိုင်လိုက်တယ်။

"မင်းရဲ့ ရည်ရွယ်ချက်ကို ငါ သိတယ်။ ဒါအတွက် လာတာမဟုတ်လား"

ကျွန်တော် အင်္ကျီအိတ်ထဲက စာရွက်တစ်ထပ် ဆွဲထုတ်ပြီး သူ့အရှေ့မှာ ချထားလိုက်တယ်။ "ဒါ မနေ့က ရေးထားတဲ့ ဟာတွေ၊ အပြင်မထွက်ခင်က တည်းက မိတ္တူ ဆွဲထားတာ"

"ကျေးဇူးပါပဲဗျာ"

mgyoe.com

mgyoe.com

သူက စာရွက်တွေကို လှမ်းယူလိုက်ပြီး အခုပဲ ဖတ်တော့မယ့်ပုံမျိုး။

"တောင်းပန်ပါတယ်ကွာ၊ ဒီမှာတော့ မဖတ်ပါနဲ့။ မနေ့က အပိုင်းကို ဖတ်ပြီးသွားပြီ ဆိုရင် မင်းအကြောင်းတွေ ထည့်ရေးထားတယ် ဆိုတာ မင်းလဲ သိမှာပဲ။ ငါ မျက်နှာပူလို့ပါကွာ"

သူက တစ်ချက် ပြုံးလိုက်ပြီး–

"ဒါဆို ကျွန်တော် နောက်မှ ဖတ်တော့မယ်"

သူက စက္ကူထုပ်ကို သေချာခေါက်ပြီး သူ့အင်္ကျီအိတ်ထဲ သိမ်းလိုက်တယ်။

"ဒါနဲ့ ..."

ကျွန်တော် ရေတစ်ငုံ သောက်ပြီး–

"ငါ့မှတ်တမ်းက အမှုအတွက် အသုံးဝင်ရဲ့လား"

"ဝင်တာပေါ့"

ဝေဖြိုးက ချက်ချင်း ပြန်ဖြေတယ်။

"အခင်းဖြစ်တဲ့ မြင်ကွင်းကို ရေးထားတဲ့အပိုင်း ဆိုရင် တချို့ကိစ္စတွေက ပြောလို့ နားထောင် ရတာထက် သူတို့ကိုယ်တွေ့ ရေးထားတဲ့ စာကို ဖတ်ရတာက ပိုပြီး တိကျ ပြည့်စုံနေတတ်တယ်။ ဖြစ်နိုင်ရင်ဗျာ ...၊ အမှုတိုင်းမှာ မျက်မြင်သက်သေတွေက အခုလို ရေးပေးနိုင်ရင် တော်တော် အလုပ်ရှုပ်သက်သာသွားမှာပဲ"

"အသုံးဝင်တာ ကြားရတော့ ဝမ်းသာပါတယ်"

အဲဒီအချိန် စားပွဲထိုးက ကျွန်တော် မှာထားတဲ့ နွားနို့ လာချပေးတယ်။

"ကြောင်နဲ့ ပတ်သက်ပြီး ဘယ်လို ခံစားရလဲ"

ကျွန်တော်က မေးလိုက်တယ်။

"လန့်သွားတာပေါ့"

သူက ပြောတယ်။

"ကြောင်တွေ သောင်းကျန်းတာမျိုးကတော့ ကျွန်တော်လဲ ကြားဖူးနေတာပဲ။ ဒါပေမဲ့ ဒီလို ကိစ္စလေးအတွက် အဲဒီလောက် လုပ်ပစ်တာတော့ ပထမဆုံး ကြားဖူးခြင်းပဲ"

"ကြောင်ပိုင်ရှင် အမျိုးသမီးကိုကော ထောက်လှမ်းဦးမှာလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော် အထက်ကို တင်ပြလိုက်တော့ သူတို့ လူလွှတ်ပြီး ချက်ချင်း စုံစမ်းခိုင်းထားပြီ"

"ဩော်"

ကိုယ့်ကြောင့် အစစ်အဆေး ခံရတာဆိုတော့ စိတ်ထဲက မကောင်းဘူး။

"ကျုပ်တို့ အပိုင်းကတော့ ငါတို့ ဆွေးနွေးထားကြတာနဲ့ အတူတူပဲ မဟုတ်လား"

သူက ခေါင်းညိတ်လိုက်ပြီး–

"ဒါပေမဲ့ ရေးထားတဲ့ အသေးစိတ် ဖြစ်စဉ်တွေက အတော်လေး အသုံးတည့်တယ်"

"ဘယ်လိုမျိုးလဲ"

"ဆရာနဲ့ ဦးသူရိန် အခန်းထဲမှာ စကားစမြည် ပြောကြတဲ့ အပိုင်းပေါ့။ ဦးသူရိန်က ဆေးလိပ်တစ်လိပ် သောက်ကြောင်း ရေးထားတာ တွေ့တယ်။ တကယ်လို့သာ ဆရာ့ရဲ့ မှတ်တမ်းကို မဖတ်ရရင် အဲဒီအကြောင်း ဘယ်လိုလုပ် သိနိုင်ပါ့မလဲ"

"တကယ်တမ်း သူ သောက်တာ တစ်လိပ်လား၊ နှစ်လိပ်လား ဆိုတာ အသေအချာကြီးတော့ မပြောတတ်ဘူး။ ဘာပဲဖြစ်ဖြစ် ငါ မှတ်မိတာကတော့ သူ အဲဒီအချိန်က ဆေးလိပ် ထုတ်သောက်တယ်။ ဒါကြောင့် ချရေးဖြစ်တာပဲ"

"မဟုတ်ဘူး။ သူ သောက်တာ တစ်လိပ်တည်းပဲ"

သူက ယုံကြည်မှု အပြည့်နဲ့ ပြောတယ်။

"မှားစရာ မရှိဘူး"

ဒီကိစ္စက သူတို့ အမှုလိုက်တာနဲ့ ဘယ်ပုံဘယ်နည်း ပတ်သက်နေသလဲ ဆိုတာ ကျွန်တော်တော့ နားမလည်နိုင်ဘူး။ စုံထောက်တွေ အနေနဲ့ ရုပ်ဝတ္ထုတွေအပေါ် အထူး စိတ်ဝင်စားတတ်တဲ့ ဉာဉ်တစ်မျိုးပဲ ဖြစ်မယ် ထင်တယ်။

အသုဘ အခမ်းအနားပြီးတော့ မလင်းလင်းမော်နဲ့ စကားပြောဖြစ်တဲ့ အကြောင်း ဝေဖြိုးကို ပြောပြလိုက်တယ်။ သူက အတော်စိတ်ဝင်စားနေတဲ့ ပုံ။

"သူ့ဆီက ဘာမှ မေးလို့ မရခဲ့ဘူး"

ကျွန်တော်က ပြောလိုက်တယ်။

mgyoe.com

mgyoe.com


"အခင်းဖြစ်တဲ့ အချိန်က သူ အဲဒီနေရာမှာ မရှိပါဘူးလို့ သက်သေပြနိုင်ရဲ့လား"

"တခြား ရဲဘော် တစ်ယောက်က သူ့ကိစ္စကို စစ်ဆေးရတာပါ။ အလီဘိုင် ပြနိုင်တယ်လို့ ကြားတယ်"

"ဒီလိုလား။ ဒါဆို သူ့ကို ထည့်စဉ်းစားစရာ မလိုတော့ဘူးပေါ့"

"ဆရာက သူ့အပေါ် သံသယရှိလို့လား"

"သံသယ ရယ်လို့လဲ မဟုတ်ပါဘူး။ သူရိန်ကို သေစေလိုတဲ့ စေတနာ သူ့မှာ ရှိနိုင်တာပေါ့"

"ဆရာပြောတဲ့ 'သေစေလိုတဲ့ စေတနာ' ဆိုတာက သူ့အစ်ကိုကိစ္စကို ပြောတာလား။ ဒါပေမဲ့ ဦးသူရိန်ကို သတ်ပစ်လိုက်တော့ကော ပြဿနာက ပြေလည်သွားမှာမှ မဟုတ်ဘဲ။ မဟုတ်ဘူးလား"

"ငါ စဉ်းစားနေတာ။ ပြဿနာကို ဖြေရှင်းပေးလိုတဲ့ သဘောထားဆန္ဒ မတွေ့ရလို့ ဒေါသဖြစ်ပြီး 'သေရင်အေးတာပဲ' လို့များ ကြံစည်ခဲ့ရော့သလား"

"သူ ဦးသူရိန်ရဲ့ အိမ်ကနေ ထွက်တော့ ဟိုက မသေသေးဘူးလေ"

"ဒါမှမဟုတ် ထွက်သွားပြီးခါမှ နောက်တစ်ခေါက် လှည့်ပြန်လာရင်ကော"

"လူသတ်ဖို့လား"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

"ဒါပေမဲ့ အဲဒီတုန်းက သူ့ဇနီး အိမ်မှာ ရှိသေးတယ်"

"ဒါမှမဟုတ် အိမ်ထဲက တစ်နေရာရာမှာ ပုန်းနေပြီးတော့ သူ့ဇနီး အပြင်ထွက်သွားမှ စလုပ်ရှားရင်ကော"

"မလင်းလင်းမော်က ဒေါသန္တာ အပြင် သွားလိမ့်မယ်လို့ ကြိုသိပါ့မလား"

"ဒါက နည်းနည်း အစ်အောက်ကြည့်ရင် သိနိုင်တာပဲ"

ဝေဖြိုးက သူ့လက်နှစ်ဖက်လုံး စားပွဲပေါ် တင်ရင်း လက်ဖဝါးနှစ်ဖက်ကို ယှက်လျက်ထားပြီး လက်မနှစ်ချောင်းကို ပူးချီခွာချီနဲ့ စဉ်းစားခန်း ဝင်နေတယ်။ ခဏကြာတော့ သူက–

"သူ တံခါးမကြီးကနေ ဝင်မယ်ပေါ့၊ အဲဒီလိုလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင့်အင်း၊ ပြတင်းပေါက်ကနေ ဖြစ်မယ်။ တံခါးမကြီးက သော့ခတ်ထားတယ်"

"စကပ်တို ဝတ်ထားတဲ့ အမျိုးသမီးတစ်ယောက်က ပြတင်းပေါက်ကနေ ကျော်ဝင်မယ် ..."

သူက ရယ်ချင်နေသလိုလို။

"အဲဒါကို ဦးသူရိန်က မြိန့်မြိန့်ကြီး ထိုင်ကြည့်နေမယ်ပေါ့"

"သူရိန် အိမ်သာ သွားတက်တဲ့အချိန် ခိုးဝင်ပြီး သူ ပြန်မရောက်ခင် တံခါးအနောက်မှာ ပုန်းပြီး စောင့်နေမယ်"

"စက္ကူဖြူ ကြေးရုပ်ကို ကိုင်ပြီးတော့လား"

ဝေဖြိုးက ပစ္စည်းတစ်ခုခု ကိုင်မြှောက်ထားဟန် လက်တစ်ဖက်ကို မြှောက်ပြတယ်။

"အဲဒီလို ဖြစ်လောက်တယ်။ သူရိန် အခန်းထဲ ဝင်လာပြီ ဆိုတာနဲ့"

ကျွန်တော်က လက်နဲ့ ခေါင်းကို ရိုက်ချတဲ့ပုံစံ လုပ်ပြပြီး–

"သူ့နောက်စေ့ တည့်တည့်ကို တွယ်ထည့်လိုက်မှာပဲ"

"အင်း ....၊ နောက်တော့ကော"

ဝေဖြိုး ရှေ့ရက်က ပြောထားတာကို ပြန်စဉ်းစားပြီး–

"ကြိုးနဲ့ လည်ပင်းကို ဆွဲညှစ်မယ်။ ...... အဲ၊ ဖုန်းကြိုးနဲ့ ဟုတ်တယ် မဟုတ်လား။ ပြီးတော့ ထွက်ပြေးတာပေါ့"

"ဘယ်ကနေ ထွက်မလဲ"

"ပြတင်းပေါက်ကပဲပေါ့။ တံခါးမကြီးကနေ ဆိုရင် ကျွန်တော်တို့ ရောက်သွားတဲ့ အချိန်မှာ တံခါးက လော့ခ်ပွင့်နေရမှာလေ"

သူ ကော်ဖီခွက်ကို လှမ်းကိုင်လိုက်တဲ့ အချိန်မှ ခွက်ထဲမှာ ကော်ဖီ မကျန်တော့မှန်း သတိထားမိပြီး ခွက်ကို စားပွဲပေါ် ပြန်ချလိုက်တယ်။

"ဘာဖြစ်လို့ သူက တံခါးမကြီးကနေ ထွက်မသွားနိုင်ရတာလဲ"

"ဒါတော့ ငါလဲ စဉ်းစားလို့ မရဘူး၊ လူမြင်သွားမှာ စိုးလို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့။ တရားခံ တစ်ယောက်ရဲ့ သိမ်ငယ်မှု တစ်မျိုးပဲလေ။ လက်တွေ့မှာ သူက အလီဘိုင် ပြနိုင်မှတော့ စောစောက ပြောသမျှဟာ စိတ်ကူးယဉ်သက်သက်ပဲ ဖြစ်တော့မှာပေါ့"

mgyoe.com

"အင်း ဟုတ်တာပဲ"

သူက ပြောတယ်။

"သူက အလီဘိုင် ပြနိုင်တော့ စောစောက ဆရာ ပြောခဲ့သမျှကို ကျွန်တော်ကလဲ စိတ်ကူးနဲ့ ပုံမှန်းကြည့်ရုံ သက်သက်ပါပဲ"

ကျွန်တော့်ရဲ့ စကားကို သူက ရည်ရွယ်ချက်ရှိရှိနဲ့ ပြန်ပြောလိုက်တာ ကြားရတော့ စိတ်ထဲ တစ်မျိုးကြီးရယ်။

"မေ့ပစ်လိုက်ပါကွာ"

"အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့ မှန်းဆချက် တစ်ခုပါ။ ထားပါတော့။ ဆရာ ကျွန်တော့်ကို နောက်တစ်ခုလောက် ကူစဉ်းစားပေးလို့ ရမလား"

"ငါက ဒါမျိုးကိစ္စမှာ ကျွမ်းကျင်တာ မဟုတ်ဘူး။ ဒါပေမဲ့ ဘာများလဲ၊ ပြောကြည့်ပါဦး"

"လူသတ်သမားက အိမ်က မထွက်ခင် ဘာကြောင့် မီးပိတ်သွားရ တာလဲ"

"အဲဒါက ...."

ကျွန်တော် စဉ်းစားလိုက်ပြီး–

"အိမ်မှာ ဘယ်သူမှ မရှိဘူးလို့ ထင်စေချင်လို့ နေမှာပေါ့။ တကယ်လို့ တစ်ယောက်ယောက်အလည်လာခဲ့ရင် လူမရှိဘူး ဆိုပြီး လှည့်ပြန်သွားမှာလေ။ ဒါမှ အလောင်းကို နောက်ကျပြီး တွေ့မှာ။ အိမ်ခန်းတွင်း မှောင်မည်းနေတာကို ငါ မြင်တုန်းကလဲ တကယ်ပဲ လူမရှိဘူးလို့ ထင်ခဲ့တာ"

"လူသတ်သမားက အလောင်းကို နောက်ကျမှ မြင်စေချင်တယ်လို့ ဆရာ ဆိုလိုတာလား"

"ပြစ်မှုကျူးလွန်သူရဲ့ စိတ်သဘောထားလို့ ပြောရမယ် ထင်တယ်"

"ဒါဆို"

သူက ပြောတယ်။

"ကွန်ပျူတာက ဘာလို့ ပွင့်နေတာလဲ"

"ကွန်ပျူတာ ..."

mgyoe.com

mgyoe.com

SAMPLE BOOK


"ဟုတ်တယ်။ ဆရာ့ရဲ့ မှတ်တမ်းထဲမှာလဲ မှတ်ထားတာ တွေ့တယ်။ အခန်းထဲ ဝင်တုန်းက ကွန်ပျူတာစခရင်ရဲ့ အလင်းရောင်ကို မြင်ရတယ်လို့ ရေးထားတယ်"

"အဲဒါ အမှန်ပဲ။ ကြည့်ရတာ ကွန်ပျူတာကို ဖွင့်လျက်ထားလဲ ဘာအရေးလဲလို့ လူသတ်သမားက ယူဆပုံရတယ်"

"မနေ့က ကျွန်တော် အိမ်ပြန်ရောက်တော့ တစ်ခု လက်တွေ့ စမ်းကြည့်တယ်။ အခန်းထဲက ရှိသမျှမီးတွေ အကုန်လုံး ပိတ်ပစ်လိုက်ပြီးတော့ ကွန်ပျူတာစခရင် တစ်ခုပဲ ဖွင့်ထားတယ်။ အတော်ကို လင်းနေသေးတာပဲလို့ သတိထားမိတယ်။ ပြတင်းပေါက် အပြင်ဘက်ကနေ လှမ်းကြည့်ရင်လဲ လိုက်ကာက တစ်ဆင့် အလင်းတွေ ဖောက်ထွက်နေသေးကြောင်း တွေ့ရတယ်။ တကယ်လို့ လူမရှိဘူးလို့ သိစေချင်တာ မှန်ရင်တော့ ကွန်ပျူတာ စခရင်ပါ ပိတ်ပစ်မှ သဘာဝ ကျလိမ့်မယ်"

"ကွန်ပျူတာကို ဘယ်လို ပိတ်ရမလဲ ဆိုတာ မသိလို့ပဲလား။ ကွန်ပျူတာနဲ့ မရင်းနှီးတဲ့သူက ဘယ်လို ပိတ်ရမှန်း မသိဘူး ဆိုတာ ထူးတော့ မထူးဆန်းဘူး"

"မော်နီတာကို ပိတ်ချင်ရင် ခက်တာမှ မဟုတ်ဘဲ။ အဖွင့်၊ အပိတ် ခလုတ်ကို နှိပ်လိုက်ရုံပဲလေ။ ဒါမှ မသိဘူး ဆိုရင်လဲ ဓာတ်ကြိုးကို ဆွဲဖြုတ်လိုက်ရုံပေါ့"

"အဲဒါကို သတိမထားမိတာ နေမှာ"

ဝေဖြိုးက ကျွန်တော့်ကို သေချာ စိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်တယ်။

"ဟုတ်မှာပါ၊ အာရုံမစိုက်မိတာ ဖြစ်မယ်"

နောက်တော့ ကျွန်တော်လည်း ဘာဆက်ပြောရမှန်း မသိတာနဲ့ ဆိတ်ဆိတ်ပဲ ငြိမ်နေလိုက်တယ်။

"အခုလို အချိန်ပေးတာ ကျေးဇူးတင်ပါတယ် ဆရာ" ပြောပြီး ဝေဖြိုး မတ်တတ်ထ ရပ်လိုက်တယ်။

"ဒီနေ့ တစ်နေ့တာအတွက်လဲ ချရေးထားမှာပဲ မဟုတ်လား"

"စိတ်ကူးထားပါတယ်"

mgyoe.com

mgyoe.com

"ကျွန်တော့်ကို ပေးဖတ်ဦးမယ် မဟုတ်လား"

"အင်း ရပါတယ်"

သူ ကောင်တာဘက် လျှောက်သွားပြီး လမ်းခုလတ်မှာ ရပ်ရင်း-

"ကျွန်တော်က တကယ်ပဲ ကျောင်းဆရာ အလုပ်နဲ့ မသင့်လျော်တာလား"

ကျွန်တော့်ရဲ့ မှတ်တမ်းမှာ အဲဒီသဘောသွားမျိုး ရေးမိတယ် ထင်တယ်။

"အဲဒါကလဲ ငါရဲ့ တစ်ဖက်သတ် အမြင်ပါကွာ"

သူ ခေါင်းငုံ့ရင်း လေကို ခပ်ဖြည်းဖြည်း မှုတ်ထုတ်လိုက်ပြီး ထွက်သွားတော့တယ်။ ဝေဖြိုး အခုချိန် ဘာအကြောင်းများ တွေးနေလိမ့်မလဲ။ အမှုနဲ့ ပတ်သက်ပြီး သူ သိထားတာ တစ်ခုခုများ ရှိနေပြီလား။ သူ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပြနိုင်ရင် သိပ်ကောင်းမှာပဲ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂) သံသယ

## စုံထောက်ဝေဖြိုး၏ ကိုယ်ရေးမှတ်စု

ဒီလူသတ်မှု တစ်ခုလုံးမှာ ကျွန်တော် အထူး သတိထားမိတာ တစ်နေရာ ရှိတယ်။ လူသတ် လက်နက်ဟာ ဦးသူရိန် အိမ်ထဲမှာ နဂိုကတည်းက ရှိနှင့်နေတဲ့ စက္ကူဖိတုံး ဖြစ်နေခြင်းပဲ။ အဲဒီကနေ ကျွန်တော်တို့ ဘာ ကောက်ချက် ဆွဲနိုင်သလဲ ဆိုတော့ လူသတ်သမားဟာ ဦးသူရိန်အိမ်ကို ဝင်စဉ် တုန်းက သူ့ကို သတ်ဖို့ ကြိုတင်ရည်ရွယ်ထားပုံ မရဘူး။ တကယ်လို့ အစောကြီး ကတည်းက သတ်ဖို့ ရည်ရွယ်ချက်နဲ့ အိမ်ထဲကို ဝင်လာခဲ့ရင် ဒီလိုလက်နက်မျိုး သုံးမှာ မဟုတ်ဘူး။ အဲ ... နဂိုကတည်းက ကြိုတင်ပြီး လူသတ်လက်နက် စီစဉ်ထားပေမယ့် ထင်မထားတဲ့ အခြေအနေ တချို့ကြောင့် ဒီလိုပစ္စည်းမျိုး ပြောင်းသုံးလိုက်ရတယ် ဆိုတဲ့ အနေအထားမျိုးလည်း ဖြစ်နိုင်သေးတာပဲ။ ကိုယ့်မှာ လက်နက်ပါပါလျက်နဲ့ စက္ကူဖိတုံးကိုမှ ရွေးသုံးရမယ် ဆိုတဲ့ ဖြစ်နိုင်ခြေကတော့ အင်မတန်နည်းတယ်။ ဒါကြောင့် ပိုပြီး သဘာဝကျတာက လူသတ်သမားဟာ သတ်ဖို့ ကြိုတင် ကြံစည်ထားတာမျိုး မရှိဘူး။ မထင်မှတ် ဘဲ စိတ်ပြောင်းသွားလို့ အနီးအနားမှာရှိတဲ့ ပစ္စည်းတစ်ခုခုနဲ့ လူသတ်မှုကို ကျူးလွန်လိုက်တာပဲ ဖြစ်မယ်။

mgyoe.com

mgoe.com

တံခါးမကြီးရဲ့သော့က ဝိတ်လျက်သား ရှိနေတာကိုလည်း ထည့်တွက်ရမယ်။ ပထမဆုံး မျက်မြင်သက်သေတွေရဲ့ အဆိုအရ ခြံဝင်းတံခါးရော၊ အိမ်တံခါးမကြီးပါ သော့ခတ်ထားကြတယ်။

ဒေါ်သန္တာရဲ့ သက်သေ ထွက်ဆိုချက်အရ ဆိုရင် –

"ငါးနာရီနောက်ပိုင်း ကျွန်မ အိမ်ကထွက်တော့ တံခါးမကြီးကို သော့ခတ်ခဲ့တယ်။ ကျွန်မ အမျိုးသားက သူ့အလုပ်ခန်းထဲမှာ အလုပ်လုပ်နေတာ ဆိုတော့ တစ်ယောက်ယောက် အိမ်ထဲ ဝင်လာခဲ့ရင် သူ သတိထားမိမှာ မဟုတ်ဘူး။ ဒါကြောင့် သူစိမ်းဝင်လာလို့ မရအောင် သော့ခတ်ထားခဲ့တာ။ ဒီလောက်ကြီး ဖြစ်သွားလိမ့်မယ်လို့ ....."

တံခါးမ သော့ဘုသီးမှာလည်း ဒေါ်သန္တာရဲ့ လက်ဗွေရာကိုပဲ တွေ့ရတယ်။ လက်အိတ်ရာ၊ ဒါမှမဟုတ်ဘဲ တစ်ခုခုနဲ့ သုတ်ပြီး ဖျက်ထားတဲ့ လက်ရာအစအနလည်း မရှိဘူး။ ဒါကြောင့် တံခါးမကြီးက ဒေါ်သန္တာ ထွက်သွားကတည်းက ဒီအတိုင်းပဲ ဝိတ်လျက် ရှိနေမယ်လို့ ယူဆရတယ်။

အလုပ်ခန်း တံခါးကိုတော့ လူသတ်သမားက အတွင်းကနေ ပြန်ပြီး ဝိတ်ထားမယ်လို့ ယူဆရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်အိမ်တံခါးမနဲ့ မတူဘဲ အလုပ်ခန်းတံခါးရဲ့ သော့ဘုသီးမှာ လက်ဗွေကို ဖျက်ထားတဲ့ သုတ်ရာ၊ ပွတ်ရာတွေ တွေ့ရတယ်။

အထက်က အကြောင်းအရာတွေကို အခြေခံပြီး တွက်ချက်ကြည့်ရင် လူသတ်သမားဟာ အခန်းထဲကို ပြတင်းပေါက်ကနေ ကျော်ဝင်တာပဲ ဖြစ်မယ်။ ဒီယူဆချက်မှာလည်း ဝိရောဓိတစ်ခု ရှိနေတယ်။ နဂိုကမှ သတ်ဖို့ ရည်ရွယ်မထားတဲ့ လူတစ်ယောက်ဟာ ဘာကြောင့် ပြတင်းပေါက်ကနေ ကျော်ဝင်ရတာလဲ။ တစ်ခုခု ဝင်ခိုးချင်လို့ ဆိုတဲ့ ဖြစ်နိုင်ခြေကလည်း မရှိသလောက်ပဲ။ ဦးသူရိန် အိမ်ကို ပထမဆုံးအကြိမ် ရောက်ဖူးတဲ့ လူစိမ်းတစ်ယောက် ဆိုရင်တောင် ဘာပစ္စည်းမှ မည်မည်ရရ မရှိတော့ဘူးဆိုတာ တစ်ခဏချင်းပဲ သတိထားမိမှာ။

ဒီဝိရောဓိကို ပြေလည်စေမယ့် ယူဆချက်က တစ်ခုပဲ ရှိတယ်။ အဲဒီနေ့က လူသတ်သမားဟာ ဦးသူရိန်အိမ်ကို နှစ်ကြိမ် သွားခဲ့တယ်။ ပထမတစ်ကြိမ်က တွေ့စရာအကြောင်း တစ်ခုခု ရှိလို့ ဦးသူရိန်နဲ့ သွားတွေ့

mgoe.com

 m g y e . c o m SAMPLE BOOK 

တယ်။ အဲဒီလူက ဦးသူရိန် အိမ်ကနေ ပြန်လာပြီးတော့ (အတိအကျ ပြောရရင် ပြန်ချင်ယောင် ဆောင်ပြီးတော့) အိမ်ထဲကို ထပ်ဝင်တာပဲ ဖြစ်မယ်။ ဒုတိယ အကြိမ် အိမ်ထဲပြန်ဝင်တော့ အဲဒီလူမှာ ရည်ရွယ်ချက် တစ်ခု ရှိနှင့်နေပြီ။ ဒါကြောင့် ပြတင်းပေါက်ကနေ ကျော်ဝင်တာ ဖြစ်မယ်။ ဘာရည်ရွယ်ချက်လဲ ဆိုတာ ပြောဖို့တောင် မလိုဘူး။ လူသတ်ဖို့ပဲ။ ပထမအကြိမ် ဦးသူရိန်နဲ့ တွေ့ဆုံနေစဉ်မှာပဲ လူသတ်ချင်တဲ့ ဆန္ဒတွေ တဖွားဖွား ပေါ်လာတာ ဖြစ်ရမယ်။

အခင်းဖြစ်တဲ့နေ့က ဦးသူရိန်အိမ်ကို ဘယ်သူတွေ လာခဲ့ကြသလဲ။ အဖြေက ရှင်းပါတယ်။ နှစ်ယောက်တည်း။ မလင်းလင်းမော်နဲ့ ဦးပေါ်လွင်။

သူတို့နှစ်ယောက်စလုံးကို အသေးစိတ် လေ့လာ စုံစမ်းလိုက်တဲ့အခါမှာ ထင်သလို ဖြစ်မလာခဲ့ဘူး။ သူတို့နှစ်ယောက်စလုံး အလီဘိုင် ပြနိုင်ကြတယ်။ အခင်းဖြစ်ပွားချိန် ကြားကာလမှာ သူတို့ တခြား တစ်နေရာမှာ ရှိနေပါတယ် ဆိုတဲ့ အထောက်အထားပဲ။

အခင်းဖြစ်တဲ့နေ့က မလင်းလင်းမော်ဟာ ည ၆ နာရီမှာ သူ့အိမ်ကို ပြန်ရောက်ခဲ့တယ်။ သူနဲ့ စေ့စပ်ထားတဲ့ ကိုလွင်စိုးရယ်၊ ကိုလွင်စိုးရဲ့ အုပ်ထိန်းသူ ဖြစ်တဲ့ ဦးဇော်ဟုတ်ရယ်၊ သူရယ်က အဲဒီအချိန် သူ့အိမ်မှာ မင်္ဂလာဆောင်ခံပွဲ ကျင်းပဖို့ကိစ္စ တိုင်ပင်နေခဲ့ကြတာ။ ဦးဇော်ဟုတ်က တကယ်တော့ ကိုလွင်စိုးရဲ့ အလုပ်ရှင်ပါ။ ဦးဇော်ဟုတ်အနေနဲ့ မလင်းလင်းမော်နဲ့ တိုက်ရိုက်ပတ်သက်မှု လုံးဝမရှိတော့ မလင်းလင်းမော်အတွက် လိမ်ညာပြီး သက်သေခံပေးနေစရာ အကြောင်း မရှိဘူး။ ဒေါ်သန္တာရဲ့ ထွက်ဆိုချက်အရ မလင်းလင်းမော်ဟာ ဦးသူရိန် အိမ်ကနေ ထွက်တော့ ငါးနာရီကျော်နေပြီ။ အိမ်ပြန်ခရီး အကွာအဝေးနဲ့ ကားကျပ်မှု အခြေအနေကို ထည့်တွက်ရင် ၆ နာရီလောက် သူ့အိမ် ပြန်ရောက်တယ် ဆိုတာ သဘာဝကျတယ်။

မလင်းလင်းမော်ရဲ့ အလီဘိုင် သက်သေပြချက်မှာ ဘာလစ်ဟာကွက်မှ မတွေ့ရဘူး။

ဦးပေါ်လွင်ကတော့ တစ်မျိုး။

ဒီလူကို ထောက်လှမ်းတဲ့အခါမှာ ကိုယ်ရေးကိုယ်တာ ခံစားချက်တွေ၊ သံယောဇဉ်တွေ အတိုင်းအတာ တစ်ခုထိ ပါနေတယ် ဆိုတာ ဝန်ခံရလိမ့်မယ်။ တစ်ချိန်က အလုပ်ခွင်မှာ ကျွန်တော့်ရဲ့ စီနီယာဖြစ်ခဲ့ပြီး ကျွန်တော့်ရဲ့ 'အောင့် သက်သက်' အတိတ်ကာလတွေကို အတွင်းသိ အစဉ်းသိ သိနေတဲ့သူ။

m g y e . c o m

ဒါပေမဲ့ ကိုယ်ရေးကိုယ်တာ ခံစားမှုကို ရှေ့တန်းတင်ပြီး အမှုစစ်နေတာထက် ဒီအမှုကို လက်ရှောင်လိုက်တာကမှ ပိုကောင်းဦးမယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒါကြောင့် ဘက်မလိုက်တဲ့ အမြင်နဲ့ ဓမ္မဓိဋ္ဌာန်ကျကျ အမှုစစ်ဆေးနိုင်အောင် ကြိုးစားမယ်လို့ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်တယ်။ ဒီလိုပြောလိုက်လို့ ကျွန်တော်တို့ရဲ့ အတိတ်သမိုင်းတွေကို မေ့ပစ်မယ်လို့တော့ မထင်လိုက်ပါနဲ့။ အတိတ် ဆိုတာ ပိုကောင်းမယ့် အနာဂတ်အတွက် တွန်းအားတစ်ခုပဲလို့ ကျွန်တော်ကတော့ ယုံကြည်တယ်။

ဦးပေါ်လွင်ရဲ့ ထွက်ဆိုချက်အရ သူ့ရဲ့ အလီဘိုင် သက်သေပြချက်က ဒီလို။

အခင်းဖြစ်တဲ့နေ့ ညနေ ၄ နာရီခွဲ ပတ်ဝန်းကျင်လောက်မှာ မလင်းလင်းမော် ရောက်လာတာနဲ့ ဦးသူရိန်အိမ်ကနေ သူ ထွက်လာခဲ့တယ်။ ပြီးတော့ သူ့အိမ်ကို တန်းပြန်သွားပြီး ၆ နာရီအထိ အိမ်မှာ အလုပ်လုပ်နေခဲ့တယ်။ ၆ နာရီထိုးတော့ ရင်သွေး စာအုပ်တိုက်က ကိုဦး ရောက်လာတယ်။ သူတို့စာမူကိစ္စ ဆွေးနွေးကြတယ်။ အဲဒီလို တွေ့ဆုံနေကြတုန်းမှာ ဦးသူရိန်က ဖုန်းဆက်လာပြီး ဆွေးနွေးစရာရှိလို့ ၈ နာရီအရောက် သူ့အိမ်ကို လာခဲ့ဖို့ ပြောသတဲ့။

ဦးပေါ်လွင်နဲ့ ကိုဦးက အိမ်နားမှာရှိတဲ့ ထမင်းဆိုင် တစ်ဆိုင်မှာ ညစာအတူ စားကြတယ်။ အဲဒီနောက်မှ ဦးသူရိန်အိမ်ကို သွားတယ်။ ရောက်တဲ့အချိန်က ၈ နာရီတိတိပဲ။ ဘဲလ်တီးတာ ဘယ်သူမှ မထူးတာကြောင့် ထူးဆန်းတာနဲ့ ဒေါ်သန္တာဆီကို ဖုန်းဆက်ပြီး မေးတယ်။ ဒေါ်သန္တာ ရောက်မလာခင် အဲဒီနားက ကော်ဖီဆိုင်မှာ ကော်ဖီသောက်ရင်း ထိုင်စောင့်ခဲ့တယ်။ ၈ နာရီ ၄၀ လောက်ရောက်မှ သူ ဦးသူရိန်အိမ်ဘက် ပြန်သွားပြီး အဲဒီမှာ ဒေါ်သန္တာနဲ့ ဆုံကြတယ်။ သူတို့နှစ်ယောက် အိမ်ထဲ အတူဝင်ကြတော့ အလောင်းကို တွေ့တာပဲ။

သူ့ရဲ့ ထွက်ဆိုချက်ကို သေချာလေ့လာကြည့်တော့ ဦးပေါ်လွင်ရဲ့ အလီဘိုင် သက်သေကလည်း သိပ်ခိုင်မာပုံရတယ်။ ရင်သွေး စာအုပ်တိုက်က ကိုဦးနဲ့ ကော်ဖီဆိုင်က ဆိုင်ရှင်တို့ရဲ့ ထွက်ဆိုချက်အရလည်း အလိမ်အညာ မတွေ့ရဘူး။

mgyoe.com

mgyoe.com

SAMPLE BOOK

ဒါပေမဲ့ လုံး၀ ဟာကွက် မရှိတာမျိုးတော့ မဟုတ်ဘူး။ သူ့ရဲ့ ထွက်ဆိုချက်အရဆိုရင် သတ်ခွင့်ရမယ့် တစ်ခုတည်းသော အခွင့်အရေးက ဒေါ်သန္တာ့ဆီကို ဖုန်းဆက် အကြောင်းမကြားခင် အချိန်မှာပဲ။ ကိုဦးနဲ့ သူ လမ်းခွဲပြီးတော့ ဦးသူရိန်အိမ် ရောက်တာနဲ့ ဦးသူရိန်ကို သတ်မယ်။ ပြီးတော့ အခင်းဖြစ်ပွားတဲ့ နေရာကို ရှင်းလင်းပြီးမှ ဘာမှ မဖြစ်သလိုနဲ့ ဒေါ်သန္တာ့ဆီကို ဖုန်းဆက်လိုက်မယ်။

ဒါပေမဲ့ မှုခင်းဆရာဝန်က ဒီအဆိုကို သဘောတူနိုင်မှာ မဟုတ်ဘူး။ အခင်းဖြစ်တဲ့နေ့ ညနေက ဦးသူရိန်တို့ ဇနီးမောင်နှံ ဈေးဝယ်ထွက်ရင်း ဦးသူရိန်က ဟမ်ဘာဂါ တစ်လုံး ဝယ်စားခဲ့တယ်။ အစာအိမ်ထဲမှာ အစာချေဖျက်ထားမှု အနေအထားအရ သေဆုံးချိန်ဟာ ညနေ ၅ နာရီနဲ့ ၆ နာရီကြား ဖြစ်ရမယ်လို့ ခန့်မှန်းတယ်။ နောက်အကျဆုံး တွက်ရင်တောင် ၇ နာရီထက် မပိုဘူး။

ဒီတော့ ဦးပေါ်လွင်ရဲ့ အလီဘိုင် သက်သေက စင်းလုံးချောလို့ပဲ သတ်မှတ်ရတော့မလား။

ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော့်ရဲ့ ထိုးထွင်းသိအရ လူသတ်တရားခံက သူပဲလို့ ယူဆထားတာ။ အဲဒီလို သတ်မှတ်ရတာကလည်း အခင်းဖြစ်တဲ့နေ့က သူ သတိလက်လွတ် ပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့်ပဲ။ အဲဒီစကားကို ကြားလိုက်ရတဲ့ တစ်ခဏမှာပဲ ဒီအမှုရဲ့ အဓိက လူသတ်တရားခံဟာ သူ ဖြစ်နိုင်ခြေရှိတယ်လို့ ကျွန်တော် ယူဆလိုက်မိတယ်။ ကိုယ့်ရဲ့ ထင်တစ်လုံးနဲ့ အမှုစစ်ရတာ အတော်လေး လက်တွေ့မကျဘူး ဆိုပေမယ့် ဒီတစ်ခါတော့ ကျွန်တော့်ရဲ့ ထိုးထွင်းသိကို နေရာပေးပြီး အမှုကို တည်ဆောက်နေခဲ့တယ်။

ဦးပေါ်လွင်က ဒီမှုခင်းနဲ့ ပတ်သက်ပြီး သူ့အတွေ့အကြုံကို ချရေးထားကြောင်း ကျွန်တော် ကြားရတော့ အတော်လေး အံ့သြသွားတယ်။ ကျွန်တော် တွေးကြည့်မိတယ်။ တကယ်လို့သာ ဦးပေါ်လွင်က လူသတ်သမားသာ ဆိုရင် သက်သေသဏ္ဌာရ အပြည့်အစုံနဲ့ သူ့မှတ်တမ်းကို ရဲလက် အပ်ရအောင် သူ ဒီလောက်ပဲ အ,ပါ့မလား။ ဒါပေမဲ့ ကျွန်တော် အဲဒီမှတ်တမ်းကို ဖတ်လိုက်ရချိန်မှာတော့ ကျွန်တော့်ရဲ့ အထင်တွေက တက်တက်စင်အောင် ပြောင်းလဲသွားတော့တယ်။

mgyoe.com